# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၀ နှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့ရာ ယမန်နေ့ နံနက်ပိုင်းက MAI လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာခဲ့ရာ သုဝဏ္ဏဘူမိလေဆိပ်၌ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

## မန္တလေးမြို့ပေါ်တွင် စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးနေ

မန္တလေး ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး မန္တလေး မြို့ပေါ်တွင် ယခင်ရက်များအတွင်း လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်များ တွင် ယာဉ်တန်းစီမှု၊ စက်သုံးဆီပြတ်လပ်မှုများဖြစ်ပေါ်ခဲ့သည့် အကြောင်းရင်းမှာ ဇူလိုင်လလယ်ခန့်မှစ၍ နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ် ရွာသွန်းပြီး ဒေသအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေခြင်းကြောင့် စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ Terminal များ၏ ပုံမှန်လုပ်ငန်း

စာမျက်နှာ ၄ ကော်လံ ၁ ○





ယနေ့ ဖတ်စရာ

အီသီယိုးပီးယား၌ နှစ်စဉ်ခရီးသည်သန်း ၁၀၀ ကို ဝန်ဆောင်မှုပေးနိုင်မည့် လေဆိပ်သစ်ကြီး တည်ဆောက်မည် — နိုင်ငံတကာသတင်း — စာ ၁၃

တိုင်းပြည်တိုးတက်ခြင်းအစ သန်းခေါင်စာရင်းက — ဆောင်းပါး — စာ ၁၆

၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် — ထုတ်ပြန်ချက် — စာ ၂၀





# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ၏ ကျွမ်းကျင်မှု

ကမ္ဘာတစ်ဝန်းရှိလူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို နိုင်ငံတကာ အသိုင်းအဝိုင်းက အလေးဂရုပြုလာစေရေးနှင့် မျက်မှောက်ကမ္ဘာ့ရေးရာများတွင် လူငယ်များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလာစေရေးတို့အတွက် နှစ်စဉ် ဩဂုတ်လ ၁၂ ရက်တွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ကျင်းပလျက်ရှိသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" "From Click To Progress : Youth Digital Pathways For Sustainable Development " ဟူ၍ ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြားရှိသူ လူငယ်ဦးရေ ၁ ဒသမ ၂ ဘီလီယံခန့်ရှိနေရာ ယင်းအရေအတွက်သည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းခန့်ရှိသည်။ ကမ္ဘာ့လူငယ်ဦးရေ၏ ၈၅ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိနေသည့်အနက် အာရှဒေသတစ်ခုထဲမှာပင် ၆၀ ရာခိုင်နှုန်းခန့် ရှိနေသည်။ ကုလသမဂ္ဂက ချမှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals.SDGs) ပြီးဆုံးရမည့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူငယ်ဦးရေမှာ ၁ ဒသမ ၃ ဘီလီယံခန့်ရှိလာမည်ဖြစ်သည်။ လူငယ်များသည် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ သုံးစွဲမှု၊ တီထွင်မှု စသည်တို့တွင် ဦးဆောင်နေသူများဖြစ်ရာ အင်တာနက်သုံးစွဲသူများတွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အကြားရှိသူ အသက်အုပ်စု၏ လေးပုံသုံးပုံက သုံးစွဲနေကြပြီး အခြားအသက်အုပ်စုများထက် မြင့်မားသည်ဟု ၂၀၂၂ ခုနှစ်အတွင်းက လေ့လာချက်တစ်ရပ်က ဆိုသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်သည် ဒစ်ဂျစ်တယ်နည်းပညာများဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် လူငယ်များ၏ နည်းပညာကျွမ်းကျင်မှုများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒေတာအချက်အလက်များက စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အပေါ်တွင် သက်ရောက်မှုများရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက် ၁၆၉ ခု၏ ၇၀ ရာခိုင်နှုန်းအထိ အနည်းဆုံးအားဖြင့် အထောက်အကူဖြစ်စေသည်။ အဆိုပါ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်စေရေး ဆောင်ရွက်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်ခြင်းအားဖြင့် စရိတ်စက ကုန်ကျမှုကိုလည်း အမေရိကန်ဒေါ်လာ ၅၅ ထရီလီယံအထိ လျှော့ချပေးနိုင်သည်ဟု ဆိုသည်။

မိမိတို့နိုင်ငံတွင် အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ နိုင်ငံသားများကို လူငယ်ဟူ၍ ဖွင့်ဆိုထားသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အဆိုပါ အသက်အပိုင်းအခြားအတွင်းရှိသူ လူငယ်စုစုပေါင်းမှာ နိုင်ငံ့လူဦးရေ၏ ၃၃ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်။ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ လူငယ်များပင်ဖြစ်သည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်သူများမှာ လူငယ်များပင်ဖြစ်ရာ လူငယ်များအတွက် လိုအပ်လျက်ရှိသော ပညာဗဟုသုတနှင့် အခွင့်အလမ်းများကို ဖြည့်ဆည်းပေးခြင်းအားဖြင့် အပြုသဘောဆောင်သည့် အင်အားများ တစ်နည်းအားဖြင့် နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးပေးနိုင်စွမ်းရှိသည့် အင်အားစုများဖြစ်လာနိုင်သည့်အလျောက် လူငယ်များ၏ အခြေခံအရည်အသွေးများ တိုးတက်မြင့်မားရေး၊ နိုင်ငံ့အရေးအရာတို့တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်ရေးတို့အတွက် အလေးထားဖော်ဆောင်ပေးကြရပါမည့်အကြောင်း။ ။

## ယုံစွာတည်ဟော့ စာဖတ်ငွေ့ဖြင့်

➢ အကောင်းစလေ့
တွေ့ဆုံနှဲပျော်
ဖော်ယူပြိုင်ကြဲ
သည်းသည်းလှုပ်လှုပ်
ဟုတ်ပင်မြင်ရ

အောင်းပျော်မွေ့ရန်
"စာပွဲတော်"ကို
မြန်ပြည်ထဲဝယ်
သည်ပြယုဂ်အား
လွန်အားကြွ၏။

➢ ငယ်စဉ်ပုံလောင်း
သောင်းသိန်းသန်းချီ
ပီပြင်နှစ်ခြိုက်
စိုက်မှန်ပင်ဖူး
မြူးရယ်ပြုံးဝေ

အကျင့်ကောင်းကို
"မျိုးဆက်ဆီ"သည်
နှလုံးပိုက်၍
ရနံ့ထူးလို
တင့်တယ်ပါစေ။

➢ ဖတ်သူထောင်သူ
ယူကာအတတ်

ကြီးကြပ်မှုနှင့်
"စာပေမြတ်"မှ

ထပ်ထပ်ကုံလုံ
ယုံကြည်တည်ဆောက်
လျှောက်နိုင်ပါစေ

➢ အလိမ္မာသိ
မိနိုင်ငံချစ်
ဖြစ်ပါစေကြောင်း
ကောင်းရည်မွမ်းထုံ
ယုံစွာတည်ဟော့

လောကဘုံကို
ဖွဲ့မာန်တောက်လျက်
အားလုံးတစ်တွေ။
ရင်ဝယ်ငြိကာ
သားမြေးစစ်ဟု
ဆုမွန်တောင်းသည်
"မြန်လူ့ဘုံ"ကို
မြတ်စာငွေ့ဖြင့်။ ။

ညိုဝင်း(ချစ်မြေ)

"မြန်မာပြည်တစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသည့် စာပေပွဲတော်များအားဂုဏ်ပြုကြိုဆိုသောအားဖြင့်"

## ဒို့ကျေးရွာရွှေ့လျားစာကြည့်တိုက် ဖွင့်လှစ်

တောင်ငူ ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် တောပုကျေးရွာအုပ်စု ကြက်ရိုးပင်(အနောက်) ကျေးရွာတွင် ဒို့ကျေးရွာရွှေ့လျားစာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက စာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ဆိုင်းဘုတ်ကို စာရေးဆရာကြီး ဒေါက်တာမြသောင်း (သောင်းကေတု) နှင့် Mobile Education Library က ဆရာမျိုးသူတို့က အောင်သပြေပန်းနှင့် အမွှေးနံ့သာများပက်ဖျန်းကာ စာပေရေးရာများနှင့် ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများကို ဟောပြောပြီး ရပ်မိရပ်ဖ ဦးဝင်းမြင့်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။



ဖွင့်ပွဲအခမ်းအနားသို့ ကျေးရွာအုပ်စု ရပ်မိရပ်ဖများ၊ စာပေပညာဝါသနာပါသူများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ခဲ့ကြပြီး စာကြည့်တိုက်သို့ လှူဒါန်းလိုသူများအနေဖြင့် ၀၉-၉၆၄၂၄၁၉၉၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ဝ၄၈

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် သုံးရက်မှခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့ မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် (၁၀)ကြိမ်မြောက် ကျင်းပပြုလုပ်သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် (၁၀)ကြိမ်မြောက် ကျင်းပပြုလုပ်သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (10th International Military–Technical Forum (Army–2024) သို့ တက်ရောက်ရန်အတွက် ယနေ့ ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ) **သတင်းစဉ်**

# (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဒုတိယနေ့အစည်းအဝေးဆက်လက်ကျင်းပ




**နေပြည်တော် ဩဂုတ် ၁၀**

(၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဒုတိယနေ့ကို ဩဂုတ် ၉ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ National Convention Center ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အမေရိကန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့ နံနက်ပိုင်းတွင် ဒုတိယအကြိမ် အာဆီယံ–ကိုရီးယား ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအား **“Digital Transformation in Health Care”** ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသမ္မတနိုင်ငံသည် ကျန်းမာရေးစနစ်တွင် ဒစ်ဂျစ်တယ်ပြောင်းလဲမှုအတွက် စံနမူနာပြနိုင်ငံတစ်ခုဖြစ်သည့်အတွက် အာဆီယံနိုင်ငံများအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံကဲ့သို့ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ချိတ်ဆက်အသုံးပြုနိုင်သည့်စနစ်များကို အတူတကွ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ထိထိရောက်ရောက်မျှဝေသုံးစွဲနိုင်**

ဆက်လက်၍ (၁၀) ကြိမ်မြောက် အာဆီယံ + ၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို **“Strengthening ASEAN Health Security through Digital Innovations for Cross–Border Health Emergencies in the Next Context Post Pandemic”** ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် **အာဆီယံ+၃ မိတ်ဖက်နိုင်ငံများ**အကြား ဒစ်ဂျစ်တယ်ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်စနစ်ကို ပူးပေါင်းတည်ထောင်ခြင်းဖြင့် သတင်းအချက်အလက်များ၊ ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများနှင့် အရင်းအမြစ်များကို ထိထိရောက်ရောက်မျှဝေသုံးစွဲနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ ဒေသတွင်းနိုင်ငံများအကြား နယ်စပ်ဒေသကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းရာတွင် တည်တံ့ခိုင်မာသည့် ကျန်းမာရေးစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် (၉) ကြိမ်မြောက် အာဆီယံ–တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို **“Strengthening Health System and Access to Health Care”** ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အာဆီယံ–တရုတ် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များမှတစ်ဆင့် ဒေသတွင်းနိုင်ငံများအကြားပိုမိုကျန်းမာသောအာဆီယံအသိုက်အဝန်းတစ်ခုအား တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ပိုမိုကောင်းမွန်အောင်ကြိုးပမ်း**

ဆက်လက်၍ အာဆီယံ–အမေရိကန် ကျန်းမာရေးဝန်ကြီးများ အထူးအစည်းအဝေးကို **“Advancing Optimal Health and Well–Being in the ASEAN Region”** ခေါင်းစဉ်ဖြင့်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက အမေရိကန်နိုင်ငံနှင့် ကျန်းမာရေးဖွံ့ဖြိုးမှုအစီအစဉ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိအခြေအနေတွင် စိန်ခေါ်မှုများ တွေ့ကြုံနေရပါကြောင်း၊ **အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ဆေးရုံ၊ ဆေးပေးခန်းများကို ပစ်မှတ်ထား တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် အဆောက်အဦးများစွာ ပျက်စီးဆုံးရှုံးခဲ့ရသကဲ့သို့ ကျန်းမာရေးဝန်ထမ်းအများအပြား အသက်ဆုံးရှုံးဒဏ်ရာရရှိခဲ့ပါကြောင်း၊ ထိုကဲ့သို့တိုက်ခိုက်ဖျက်ဆီးခံရမှုများရှိသော်လည်း နိုင်ငံတော်အနေဖြင့် ဆေးရုံဆေးခန်းများအပါအဝင် အခြေခံအဆောက်အဦများ အသစ်တည်ဆောက်ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများအားထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုလုံး မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းလျက်ရှိပါကြောင်း၊** အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံနှုန်းများကို အလေးထားပြီး ဆောင်ရွက်သင့်ပါကြောင်း၊ **အာဆီယံအဖွဲ့အနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အာဆီယံဗဟိုပြုမှု၊ အပြန်အလှန်လေးစားမှုနှင့် မျှဝေတာဝန်ယူမှုကို အခြေခံရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြိုတင်ကန့်သတ်ချက်မရှိသော အကူအညီပေးခြင်းများကို ကြိုဆိုပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး အပြုသဘောဆောင်သည့် ကူညီထောက်ပံ့မှုများကို တစ်ပြေးညီရရှိနိုင်ရေး အလေးထားရန် လိုအပ်ပါကြောင်း** ဆွေးနွေးပြောကြားခဲ့သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် (၁၀) ကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်း၊ ဒုတိယအကြိမ် အာဆီယံ–ကိုရီးယား ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်း၊ (၉) ကြိမ်မြောက် အာဆီယံ–တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးပူးတွဲကြေညာစာတမ်း၊ အာဆီယံ–အမေရိကန် ကျန်းမာရေးဝန်ကြီးများ အထူးအစည်းအဝေး ပူးတွဲကြေညာစာတမ်းများကို အတည်ပြုထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ/ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။(ဝဲပုံ)

**ဂုဏ်ပြုညစာစားပွဲတက်ရောက်**

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့၊ Landmark Mekong Riverside Hotel ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကျန်းမာရေးဝန်ကြီး H.E. Mr. Bounfeng Phoummalaysith က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့လည်း တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးများနှင့်ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အမေရိကန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရန်ကုန်-ပဲခူး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများနှင့် ပဲခူးမြို့အခြေစိုက် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယ ဝန်ကြီး ဦးအောင်မြိုင်၊ တာဝန်ရှိ သူများနှင့်အတူ ရန်ကုန်ဘူတာ ကြီး မြို့ပတ်ရထားရပ်နား၊ ထွက်ခွာသည့်စကြံအား DEMU ရထားတွဲဆိုင်းများဖြင့် လိုက်လျော ညီထွေဖြစ်စေရေး ပြန်လည်မွမ်းမံ တည်ဆောက်ထားမှုအခြေအနေ ကို ကြည့်ရှုစစ်ဆေးပြီး အရည် အသွေးပြည့်မီစေရေး၊ ခရီးသည် များ ရထားပေါ်တက်/ဆင်းမှု အဆင်ပြေစေရေး၊ စကြံ၌ ဝန်ထမ်း များ တာဝန်ထမ်းဆောင်မှု စနစ် တကျဖြစ်စေရေး လိုအပ်ချက်များ ကို မှာကြားသည်။

**မောင်းနှင်နိုင်မှုကိုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးရထားလမ်း အဆင့် မြှင့်တင်ရေးစီမံကိန်း၊ အဆင့်(၁) လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် အတွက် ရန်ကုန်ဘူတာကြီးမှ ပဲခူးဘူတာသို့ RBE အထူးရထား ဖြင့် အဆန်လမ်းမှလိုက်ပါစီးနင်း ပြီး စီမံကိန်းပြီးစီးမှုအခြေအနေ ကြောင့် ရထားအမြန်နှုန်းတိုးမြှင့် မောင်းနှင်နိုင်မှုကို စစ်ဆေးသည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးနှင့် တိုင်းအဆင့် တာဝန်ရှိသူများကို ခရီးလမ်းတစ်လျှောက် ရထား လမ်းဘေးဝဲယာတွင် အမှိုက်များ ကင်းစင်ရေးကိစ္စ၊ ကျူးကျော်တဲ များ ရှင်းလင်းရေးကိစ္စတို့ကို မှာကြားခြင်း၊ တိုးကြောင်ကလေး ဘူတာတွင် ခရီးသည် အတက်/ အဆင်းများ စနစ်တကျဖြစ်ရေး မှာကြားခြင်း၊ ကျောက်တန်း ဘူတာတွင် စီမံကိန်းအရ တပ်ဆင် ထားသော ရထားထိန်းချုပ် စေလွှတ်သည့် Relay Inter-locking System ကိုင်တွယ် ထိန်းသိမ်းမှုကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ပဲခူးဘူတာ မှ RBE အထူးရထားစီးနင်းကာ မကြာမီက ပဲခူးဘူတာနှင့် ရွှေလှေ ဘူတာအကြား ရထားလမ်းပိုင်း တွင် မိုးသည်းထန်စွာ ရွာသွန်း၍ ငမိုးရိပ်ချောင်း ရေလျှံပြီး ရေကျော် ခဲ့မှုကြောင့် ရထားလမ်းပျက်စီးခဲ့ သည့်နေရာများသို့ သွားရောက် ကြည့်ရှုစစ်ဆေးကာ နောင်ကာလ တွင် ဤသို့ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေ ရေး ဆောင်ရွက်သင့်သည့်လုပ်ငန်း ကို ဆွေးနွေးညှိနှိုင်းကြသည်။

**နေ့လယ်စာအတူတကွသုံးဆောင်**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးဘူတာ ယာဒ်ဝင်းအတွင်း စီမံကိန်းအား ဖြင့် တပ်ဆင်ပြီးစီးနေသည့် မော်တာအသုံးပြု ရထားလမ်းလွှဲ၊ လမ်းကူးဆောင်ရွက်သည့် ကိရိ ယာ (Electronic Interlocking System) နှင့် ဘူတာယာဒ်ဝင်း အတွင်း ရထားထိန်းချုပ်သည့် ခေတ်မီနည်းစနစ် တပ်ဆင်အသုံး ပြုပုံတို့ကို စစ်ဆေးကြည့်ရှုပြီး စနစ်တကျ ကိုင်တွယ်ထိန်းသိမ်း ရေး လိုအပ်ချက်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော် ခန်းမ၌ ပဲခူးမြို့၌ တာဝန်ထမ်း ဆောင်လျက်ရှိနေသည့် ဝန်ကြီး ဌာနလက်အောက် ဌာနအဖွဲ့ အစည်းများမှ ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွ သုံးဆောင် သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် မြို့တော်ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ ဝန်ထမ်းများဖြစ်သည်နှင့် အညီ နိုင်ငံ့အကျိုးစီးပွားအတွက် ဝန်ထမ်း ကောင်းများ ပီသစွာဖြင့် တာဝန် ကိုကျေပွန်စွာ ထမ်းဆောင်ကြစေ ရေး၊ ရာထူးအလိုက် တာဝန် ဝတ္တရားများကို သိရှိ၊ နားလည်၊ တတ်ကျွမ်းအောင် လေ့လာ ဆည်းပူးကြပြီး ကိုယ့်အရည် အချင်းကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြစေရေး၊ စာကြည့် တိုက်များ ထူထောင်၍ စာဖတ် သည့် အလေ့အကျင့်ရှိစေရေး၊ ဌာနအလိုက် ပုံမှန်ဆန္ဒဖော်ထုတ် ပွဲများ ဆောင်ရွက်ကာ ဝန်ထမ်း များ၏ အခက်အခဲတင်ပြမှုများ အား ဖြေရှင်းဆောင်ရွက်ပေးရေး ကိစ္စများကို မှာကြားပြီး ဝန်ထမ်း များကို စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ပဲခူးမြို့ရှိ မြန်မာ့ စာတိုက်လုပ်ငန်း တိုင်းမန်နေဂျာ ရုံးသို့ သွားရောက်ကာ ဝန်ထမ်း များနှင့် မိသားစုဝင်များကို ရင်းနှီး စွာ တွေ့ဆုံနှုတ်ဆက်၍ စာပို့ လုပ်ငန်း စွမ်းဆောင်နိုင်မှုများ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

**ညှိနှိုင်းပေါင်းစပ်**

မွန်းလွဲပိုင်းတွင် ပဲခူးဘူတာမှ RBE အထူးရထားဖြင့် လိုက်ပါ၍ ပဲခူး-ရန်ကုန် အစုန်လမ်းပိုင်း အတွင်း စီမံကိန်းအားဖြင့် ရထား လမ်းနှင့် တံတားများ ပြီးစီးနေမှု အခြေအနေ၊ မိုင်နှုန်းတိုးမြှင့် မောင်းနှင်နိုင်မှုအခြေအနေတို့ကို စစ်ဆေးကြည့်ရှုကာ ဘူတာများ စနစ်တကျဖြစ်စေရေးကိစ္စ၊ ရထား လမ်းလုံခြုံရေး၊ ကျူးကျော်ရှင်းလင်း ရေးအတွက် ရန်ကုန်တိုင်းဒေသ ကြီးအစိုးရနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန်ကိစ္စများကို မှာကြား ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများ သည် မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မွန်းလွဲ ၁ နာရီတွင် ဘန်ကောက်မြို့ရှိ မြန်မာနိုင်ငံသံရုံး သို့ ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ် ကြီး ဦးချစ်ဆွေက အုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူများကို ကြိုဆိုနှုတ်ဆက်ပြီး ထူးချွန် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုစကား ပြောကြား၍ ထူးချွန်ကျောင်းသားတစ်ဦးက ကျေးဇူး တင်စကားပြောကြားကာ မြန်မာသံရုံးတွင် မြန်မာ သံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာ ကို သုံးဆောင်ကြသည်။

ယင်းနောက် ထူးချွန်ကျောင်းသားကျောင်းသူများ သည် ဘန်ကောက်မြို့ရှိ Siam Ocean World နှင့် Madame Tussauds Museum သို့ သွားရောက် လေ့လာကြသည်။ ညနေပိုင်းတွင် ကျောင်းသား ကျောင်းသူများသည် Asiatique The Riverfront သို့ ဆက်လက်ထွက်ခွာပြီး Chao Phraya River Cruise ဖြင့် လိုက်ပါစီးနင်းကာ ကျောက်ဖရားမြစ် တစ်လျှောက် ဘန်ကောက်မြို့၏ညဘက်ရှုခင်းများကို ကြည့်ရှုခံစား၍ ညစာသုံးဆောင်ကြသည်။

ယနေ့ နံနက် ၈နာရီတွင် တည်းခိုရာ Holiday Inn မှ ဘန်ကောက်မြို့ Assumption University သို့ ထွက်ခွာရာ Assumption University မှ တာဝန်ရှိ သူများက ကြိုဆိုပြီး true lab ခန်းမ၌ နှုတ်ခွန်း ဆက်စကားပြောကြားကာ တက္ကသိုလ်နှင့် ပတ်သက် သည့် အချက်အလက်များနှင့် ပို့ချလျက်ရှိသည့် သင်တန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ပရဝဏ်အတွင်း trams ရထားဖြင့် လိုက်လံ ရှင်းလင်းပြသသည်။




ယင်းနောက် ထူးချွန်ကျောင်းသား ကျောင်းသူ များသည် Assumption University မှ ဆက်လက် ထွက်ခွာကြရာ Nongnooch Tropical Garden သို့ ရောက်ရှိကာ ပန်းခြံအတွင်းရှိ ပြကွက်များ၊ Museum များကို လှည့်လည်ကြည့်ရှုကာ အမှတ်တရဓာတ်ပုံ များ ရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပတ္တရားကမ်းခြေရှိ Seafood Pattaya တွင် နေ့လယ်စာစားသုံးကြပြီး Najomtien Beach နှင့် ပတ္တရားကမ်းခြေတစ်လျှောက် ကမ်းခြေ အလှကို ကြည့်ရှုခံစားရင်း Pattaya Viewpointတွင် အမှတ်တရဓာတ်ပုံများရိုက်ကာ ဘန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဘန်ကောက်မြို့ tower တွင် ဘန်ကောက်မြို့ ညရှုခင်းအလှကို ခံစားရင်းညစာ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

❍ *ရှေ့ဖုံးမှ*

ဆောင်ရွက်မှုများ အနည်းငယ်နှောင့်နှေး ကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရာတွင် လည်း လမ်းခရီးအခြေအနေများအရ ဆီတင်ယာဉ်ရောက်ရှိရန် အချိန်အနည်း ငယ်ကြန့်ကြာခြင်းကြောင့် အရောင်းဆိုင် အချို့သို့ ဆီတင်ယာဉ်မရောက်မီ စက်သုံး ဆီ အမျိုးအစားအချို့ ယာယီပြတ်လပ်မှု ဖြစ်ပေါ်စေမည်ဟူသော ပြည်သူများ၏ စိုးရိမ်စိတ်ကြောင့် အရောင်းဆိုင်ကြီးများ၌ စက်သုံးဆီဝယ်ယူမှု ယခင်ကထက် အဆ မတန် များပြားလာမှုကြောင့် ယာဉ်တန်းစီ မှုများ ဖြစ်ပေါ်စေခဲ့သည်။

အရောင်းဆိုင်များ၌ စက်သုံးဆီ ဝယ်ယူမှု အဆမတန် များပြားလာပြီး တန်းစီမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ဖြစ်စဉ် အမှန်နှင့် ပြည်သူများ လိုက်နာရမည့် အချက်အလက်များကို နေ့စဉ်ထုတ် သတင်းစာများတွင် သတင်းထုတ်ပြန်ခြင်း များ ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကြီးကြပ် စစ်ဆေးရေးအရာရှိရုံး အနေဖြင့်လည်း ယာဉ်တန်းစီမှု ဖြစ်ပေါ်နေသော အရောင်း ဆိုင်များတွင် စက်သုံးဆီပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့် အဓိကလမ်းမများ နှင့် အချက်အချာကျသော နေရာများရှိ အရောင်းဆိုင်များအတွက် Special အစီအစဉ်၊ Urgent အစီအစဉ်များဖြင့် စက်သုံးဆီဖြည့်တင်းနိုင်ရေး စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း များ ကြီးကြပ်ရေးကော်မတီသို့ တင်ပြ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းများကြီး ကြပ်ရေးကော်မတီတို့၏ စီစဉ်ညွှန်ကြားမှု များဖြင့် မန္တလေးမြို့တွင်းရှိ အရောင်းဆိုင် များသို့ နေ့စဉ်စစ်ဆေးဆောင်ရွက်ရာတွင် အရောင်းဆိုင်များရှိ စက်သုံးဆီအမျိုး အစားအလိုက် လက်ကျန်ရှိပြီး ရောင်းချ ပေးမှု ရှိ၊မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်း အတိုင်းရောင်းချပေးမှု ရှိ၊ မရှိ၊ သီလဝါမှ ထွက်ခွာလာသော ဆီသယ်ယာဉ်များ သက်ဆိုင်ရာ အရောင်းဆိုင်များသို့ အချိန်မီရောက်ရှိမှု ရှိ၊ မရှိတို့ကို အဖွဲ့ များဖြင့် နေ့စဉ် စစ်ဆေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူများအနေဖြင့် စက်သုံး ဆီများ ပြတ်လပ်မှုမရှိသည်ကို သိရှိစေလို ကြောင်း၊ အရောင်းဆိုင်ကြီးများတွင် သာမက ကျန်လိုင်စင်ရစက်သုံးဆီဆိုင် များတွင်လည်း ဝယ်ယူသုံးစွဲနိုင်ကြောင်း၊ စက်သုံးဆီများ မလိုအပ်ဘဲ အိမ်တွင် သိုလှောင်ထားရှိပါက မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေအရ အရေးယူခံရနိုင်ခြင်း များကို သတိရှိကြစေလိုကြောင်းနှင့် သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချ သော စက်သုံးဆီအရောင်းများနှင့် တရား မဝင် စက်သုံးဆီလုပ်ငန်းများကိုလည်း ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေး လျက်ရှိပြီး လိုက်နာဆောင်ရွက်မှုမရှိသော အရောင်းဆိုင်၊ လုပ်ငန်းများကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း နှိုးဆော်ထားသည်ကို သတင်းရရှိ သည်။

**သတင်းစဉ်**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၆ / ၂၀၂၄**
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာကိုကိုနိုင်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငွေကြေးတည်ငြိမ်ရေးတို့ကို မလိုလားသည့် NUGGETS Viber Group အပါအဝင် အဖျက်သမားများသည် နိုင်ငံခြားငွေလဲလှယ်နှုန်း ကမောက်ကမ ဖြစ်စေလိုသည့် ရည်ရွယ်ချက်များ၊ စျေးကစားလိုသည့်ရည်ရွယ်ချက်များ စသည်ဖြင့် ၎င်းတို့၏ အကျိုးစီးပွားအတွက် နိုင်ငံခြားငွေစျေးနှုန်းများသတ်မှတ်ခြင်း၊ တရားမဝင်ရောင်းဝယ်နေခြင်းများ ဆောင်ရွက်နေကြောင်း တွေ့ရှိရ၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် (၉-၈-၂၀၂၄) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအခြေအနေတွင် NUGGETS Viber Group သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပေါ် သိက္ခာကျဆင်းစေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သည့်သတင်းများထုတ်ပြန်ပြီး တရားမဝင် နိုင်ငံခြားငွေရောင်းဝယ်ခြင်းကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ၎င်းတို့၏ NUGGETS Viber Group မှ ထပ်မံကြေညာလာသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ယင်း NUGGETS Viber Group အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများအနေဖြင့်လည်း မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက် လိုင်စင်ရရှိထားသည့် ဘဏ်များနှင့် Money Changer များထံတွင်သာ နိုင်ငံခြားငွေများအား ရောင်းဝယ်လဲလှယ်ခြင်းကို ပြုလုပ်ကြရန်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**(၁၀-၈-၂၀၂၄)**

## ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး
## ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၀


**ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။**

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် ခိုလမ်မြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ဆေးဝါးကုသမှု ပေးထားမှုအခြေအနေများ၊ ရောဂါ ကုသ ပျောက်ကင်းသက်သာမှု အခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး **(အပေါ်ပုံ)** စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အပါအဝင် မြို့နယ် သုံးမြို့နယ်တို့ရှိ အခြေခံပညာ ကျောင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့ရှိ အခြေခံပညာ ကျောင်းများ၌လည်းကောင်း၊ စာသင်ကျောင်းများ အတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### မုတ်သုံလေ အားနည်းနေမည်

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လက်ရှိ ဓာတ်အား ထုတ်လုပ်ရရှိမှုအပေါ် အခြေခံ၍ ထိန်းညှိ ဖြန့်ဖြူးပေးလျက်ရှိသဖြင့် ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် လေလွင့်ဆုံးရှုံးမှု မရှိစေရေး စနစ်တကျဖြန့်ဖြူးပေးသွားရန်၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်၊ တရားမဝင်ဓာတ်အား ရယူသုံးစွဲမှုများ မရှိစေရေး စစ်ဆေးကြပ်မတ်သွားရန်နှင့် ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှု မဖြစ်စေရေးနှင့် ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းဆောင်ရွက်သွားရန်၊ ပြည်သူကို ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံ၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အကောင်းဆုံးဝန်ဆောင်မှုပေးရန် မှာကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ၃၃/ ၁၁ ကေဗွီဓာတ်အားခွဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဗို့အားပြည့်ဝတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှု မဖြစ်စေရေးအတွက် ဓာတ်အားခွဲရုံများတွင် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းခွင်သုံးသတ်မှတ်ယူနီဖောင်းနှင့် အကာအကွယ်ပစ္စည်းများ ပြည့်စုံစွာဝတ်ဆင် ဆောင်ရွက်သွားရန် မှာကြားကာ ဓာတ်အားခွဲရုံများမှ မြို့တွင်းနှင့် 



အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆရာဒကာကျောင်းဖြစ်သော ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိ မင်္ဂလာရာမိကကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်နှင့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ကျောင်းတိုက်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးကောင်းမွန်စေရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ စုပေါင်း၍လုပ်အားဒါနပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်ကောင်စီမှ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ဖိုးဖောင်းတောင်တောင်ညိုကြိုးဝိုင်း အကွက်အမှတ်(၆၀)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် မဲဇလီပင်ကို စိုက်ပျိုးပေးကာ **(အပေါ်ယာပုံ)** နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်/ကျေးရွာများမှ ပြည်သူများက သတ်မှတ်နေရာများ အလိုက် မဲဇလီ၊ စိန်ပန်း၊ ကုက္ကို၊ ပိတောက်နှင့် မဟော်ဂနီပင် စသည့်သစ်မျိုး ငါးမျိုး စုစုပေါင်း အပင် ၅၄၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ဗိုလ်ရွှေအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအုပ်စု ရေအေးကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ (KC)ခန်းမ၌ တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး တောင်သူများကို သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်၍ တောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကွင်းအမှတ် ၂၀၄၀ တောင်သူ ဦးဆန်းနိုင်၏ လယ်မြေတွင် Seeder စနစ်ဖြင့် မိုးစပါးစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ် MSME အသင်းအဖွဲ့ဝင်များ၊ မြို့နယ် ဆန်၊ ဆီစက်လုပ်ငန်းရှင်များ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၄၅/၇) တွင် တံတားဦးစီးဌာန တံတားအထူးဖွဲ့(၆) မှ တာဝန်ယူတည်ဆောက်နေသည့် နဝင်းချောင်းတံတား အရှည်ပေ ၁၉၀ ကို မူလနှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နေမှုကိုလည်းကောင်း၊ ကန်တော်မင်္ဂလာရှမ်းကန်တွင် သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အများသုံးသန့်စင်ခန်း ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ရာဇဌာနီလမ်းပေါ်ရှိ နှင်းဆီပန်းအဝိုင်း အဝိုင်းပတ်လည်နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်နှင့် ပျဉ်းမနားမြို့နယ်ရှိ ရှမ်းကန်တို့တွင် (၁၈'x၁၆'x၁၁')ရှိ အများသုံးသန့်စင်ခန်း နှစ်ခုဆောက်လုပ်လှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး အများသုံးသန့်စင်ခန်းများ ဆောက်လုပ်လှူဒါန်းသည့် Linn IT Solutions Co.,Ltd ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပျံချီကျေးရွာရှိ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ကျေးရွာအုပ်စုများမှ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများကို ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး တောင်သူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ တောင်သူများနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးသီးနှံများမှ စွန့်ပစ်ပစ္စည်းများနှင့် EM ဘိုကာရှီသဘာဝမြေသြဇာပြုလုပ်မှု သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပျံချီကျေးရွာ၌ ကျေးရွာစာကြည့်တိုက် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်အရည်အသွေးပြည့်မီစေရေး၊ ရေရှည်ခိုင်ခံ့စေရေး၊ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီးဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# မှိုင်းခံရော်ဘာပြားများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် စက်စွမ်းအားပြည့်အသုံးပြုထုတ်လုပ်

**နေပြည်တော် ဩဂုတ် ၁၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ရှိ မလိဝမ်းရွှေဖြူ ရော်ဘာစက်ရုံသို့ ရောက်ရှိပြီး စက်ရုံတာဝန်ရှိသူက ရော်ဘာစေးမှ မှိုင်းခံရော်ဘာပြား (Ribbed Smoked Sheet – RSS) ရော်ဘာကုန်ကြမ်း ထုတ်လုပ်နေမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရော်ဘာစေးအထွက်တိုးအောင် ဆောင်ရွက်ရန်၊ မှိုင်းခံရော်ဘာပြားများ ပိုမို ထုတ်လုပ်နိုင်ရေးအတွက် စက်စွမ်းအားပြည့် အသုံးပြုထုတ်လုပ်ရန်၊ ပြည်ပနိုင်ငံများသို့ ရော်ဘာများ ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ ကုန်သွယ်မှု လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် မှာကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ကော့သောင်းမြို့ရှိ ငွေပင်လယ်ငါးဆိပ်ကမ်းသို့ ရောက်ရှိပြီး ဖမ်းဆီးရမိသော ငါးများ ပြည်ပသို့တင်ပို့ရန် One Stop Service–OSS အဖွဲ့၏ စစ်ဆေးနေမှုကို ကြည့်ရှုပြီး ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ပြည်ပပို့ကုန်ပိုမိုတိုးမြှင့်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းကုန်သည်များ အသင်းရုံး၌ ကော့သောင်းခရိုင် ကုန်သည် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ကုန်သည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ချက်ကို နိုင်ငံတော်မှ ဩဂုတ် ၈ ရက်တွင် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သဖြင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေးကို ဘက်ပေါင်းစုံမှ အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ပဲ၊ ပြောင်း၊ ရေထွက်ပစ္စည်း၊ ရော်ဘာနှင့် ဒေသထွက်ကုန်အစရှိသည့် ပို့ကုန်များကို လအလိုက် တင်ပို့ရန် လျာထားသတ်မှတ်ပြီးဖြစ်၍ သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ တင်ပို့သွားရန် လိုကြောင်း၊ ကုန်သွယ်မှုကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြင့် အလေးထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

ညနေပိုင်းတွင် နယ်မြေခံတပ်နယ်ရိပ်သာ၌ ကော့သောင်းကုန်သွယ်ရေးစခန်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများအနေဖြင့် ကုန်သွယ်မှု လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရန်၊ စွမ်းအားပြည့်ဆောင်ရွက်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အဂတိကင်းစွာ ဆောင်ရွက်ရန်၊ စည်းလုံးညီညွတ်မှုရှိရန်၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သိမ်းဆည်းမြေဆိုင်ရာအမှုတွဲများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဗဟိုကော်မတီမှ ချမှတ်ခဲ့သော မူဝါဒ (၅၂) ချက်နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ (၂/၂၀၂၄)အစည်းအဝေးအား ယနေ့ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ပြုလုပ်သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ **(ယာပုံ)**



ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းက လျော်ကြေးပေးပြီး ပိတ်သိမ်းမည့် အမှုတွဲများ၊ ပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာ မတင်ပြနိုင်၍ပိတ်သိမ်းမည့်အမှုတွဲများ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သိမ်းဆည်းမြေဆိုင်ရာ အမှုတွဲများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဗဟိုကော်မတီမှ ချမှတ်ခဲ့သော မူဝါဒ (၅၂) ချက်နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်လိုကြောင်း၊ ယခင်မြေစိစစ်ကော်မတီလက်ထက်တွင် စိစစ်ဖြေရှင်းခဲ့ပြီးနောက် ကျန်ရှိသည့်အမှုတွဲများမှ လျော်ကြေးပေးပြီးအမှုတွဲများ၊ ပိတ်သိမ်းသည့်အမှုတွဲများအား ပိတ်သိမ်းရာတွင် ချမှတ်ထားသည့် မူဝါဒ၊ သက်ဆိုင်ရာ ဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပေါင်းစပ်စိစစ်၍ ပြည်သူများ နစ်နာမှုမရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် ပတ်သက်၍ လယ်ယာမြေဥပဒေ ပုဒ်မ –၂၅(ဂ) အရ တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ပုဂ္ဂိုလ်စွဲမထားဘဲ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကယားပြည်နယ် ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**လွိုင်ကော် ဩဂုတ် ၁၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက သီရိမင်္ဂလာဈေးအသစ်တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်နယ်ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းသာသနိက အဆောက်အဦပြုပြင်နေမှုများ၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများ၊ လွိုင်ကော်-လောပိတ လမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေနီကန်ကျေးရွာနှင့် သတ္တပလူကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီရိမင်္ဂလာဈေး ဈေးအသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်အုတ်မြစ်ချလုပ်ငန်း၊ သံထည်လုပ်ငန်းနှင့် တိုင်ထူပြီး ဒိုင်း၊ မြားတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ သွားရောက်၍ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်မှုကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်သံဃနာယကရုံးအဖွဲ့ အဆောက်အဦ၊ အောင်မြင်ဓမ္မာရုံနှင့် စာသင်ဆောင်များ၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှုအခြေအနေတို့အား လိုက်လံကြည့်ရှုပြီး သံဃာတော်များ အေးချမ်းစွာ သီတင်းသုံးနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဥပမိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ကုသိုလ်ပြုဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရွှေတောင်ပရိယတ္တိစာသင်တိုက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများလုပ်ရပ်ကြောင့် ပျက်စီးခဲ့သည့် သာသနိကအဆောက်အဦများကိုကြည့်ရှု၍ အမြန်ဆုံးပြုပြင်မွမ်းမံဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော် – လောပိတ လမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာသန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေနီကန်ကျေးရွာသို့ ဆက်လက်သွားရောက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရေနီကန်ကျေးရွာနှင့် သတ္တပလူကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းကျင်းထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကားပြောကြားသည်။ထို့နောက်ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ လာရောက် ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စေတနာရှင်ပြည်သူလူထုနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းဝေးခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို ဒုတိယတိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် ဒုတိယတိုင်းမှူးက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး “ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ်တို့လူငယ်” ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကို ဩဂုတ် ၁၀ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ကျောင်းသားကျောင်းသူ ၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းရည်မွန်က ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

လှလှထွေး(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကြားတောရရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ကြားတောရ ဝေဠုဝန်ကျောင်းတိုက်၊ မေတ္တာစေတနာလူမှုကူညီရေး အသင်းရုံး၌ကျင်းပရာ တာဝန်ရှိသူတစ်ဦးက အသင်းသား ၉၀ ကို အစုပေါ်အမြတ်ငွေကျပ်သိန်း ၂၀၊ စားကုန်ပစ္စည်းများပေးအပ်စဉ်။

အာကာလင်း

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့်
မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချဆန္ဒထုတ်ဖော်

**ဘားအံ ဩဂုတ် ၁၀**

MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းက ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း နာရီစင်၌ ဒေသခံပြည်သူများစုရုံး၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။**(ယာပုံ)**

ထိုသို့ ဆန္ဒထုတ်ဖော်ရာတွင် အကြမ်းဖက် MNDAA ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများကို တိုင်းရင်းသားပြည်သူများမှ ကန့်ကွက်ရှုတ်ချပါသည်။ အကြမ်းဖက် MNDAA အမည်ခံ ကိုးကန့်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့အစည်းများအား တိုင်းရင်းသားအဖွဲ့အစည်းများမှ အလိုမရှိ၊ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး)၊ အပြစ်မဲ့ပြည်သူများအားသတ်ဖြတ်ခြင်း (ချက်ချင်းရပ်)၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေရာများ အားပစ်ခတ်ခြင်း (ချက်ချင်းရပ်)၊ MNDAA ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများ (ချက်ချင်းရပ်)၊ ပြည်ပသြဇာခံ ပြည်ဖျက်မိစ္ဆာများ (အလိုမရှိ)၊ မြန်မာ့တပ်မတော်၏ တရားသောစစ် (အောင်ရမည်) ဗီနိုင်းများနှင့် CRPH၊ NUG၊ PDF ၊MNDAA၊ AA၊ TNLA တို့၏ အကြမ်းဖက်လုပ်ရပ်ဓာတ်ပုံများကိုင်ဆောင်၍ သတ်မှတ်နေရာတွင် နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြကာ နိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြသည်။



ထို့နောက် ဆရာတော်တစ်ပါးက MNDAA အကြမ်းဖက်သောင်းကျန်းသူများနှင့် အပေါင်းပါအဖွဲ့အစည်းများကို ဆန့်ကျင်ရှုတ်ချကြောင်း ဟောပြောကာ လှိုင်းဘွဲ့မြို့နယ်မှ ပြည်သူတစ်ဦးက MNDAA အကြမ်းဖက်သောင်းကျန်းသူများနှင့် အပေါင်းအပါအဖွဲ့အစည်းများ၏ လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း ကရင်ဘာသာဖြင့် ဟောပြောသည်။

ထို့နောက် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အကြမ်းဖက် MNDAA အမည်ခံ ကိုးကန့်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့အစည်းများအား (အလိုမရှိ)၊ အပြစ်မဲ့ ပြည်သူများအား သတ်ဖြတ်ခြင်း(ချက်ချင်းရပ်)၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေရာများအား ပစ်ခတ်ခြင်း (ချက်ချင်းရပ်)၊ MNDAA ၏ လူမဆန်သောရက်စက်ယုတ်မာမှုများ (ချက်ချင်းရပ်)၊ ပြည်ပသြဇာခံ ပြည်ဖျက်မိစ္ဆာများ (အလိုမရှိ)၊ မြန်မာ့တပ်မတော်၏ တရားသောစစ် (အောင်ရမည်) စသည့် ကြွေးကြော်သံများ ကြွေးကြော်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဆန့်ကျင်ရှုတ်ချဆန္ဒထုတ်ဖော်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **“၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ”** ကို ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ကစားပုံမာကျောပြီး တိုက်စစ်ထက်မြက်သည့်အသင်း အချင်းချင်း တွေ့ဆုံမှုဖြစ်သည့်အပြင် ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်သည့်အတွက် ပွဲစတင်သည်နှင့်တစ်ပြိုင်နက် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ပွဲချိန် ၁၁ မိနစ်တွင် ကွင်းလယ်တိုက်စစ်ကစားသမား မီးလ်အော့သ်သွင်းဂိုးကြောင့် ပြင်သစ်အသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ပြိုင်ဘက် စပိန်အသင်းကလည်း ချေပဂိုးရရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၁၈ မိနစ်တွင်ရရှိခဲ့ပြီး ကွင်းလယ်တိုက်စစ်ကစားသမား လိုပက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။

တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက်တွင် အိမ်ရှင်ပြင်သစ်အသင်း ကစားအားကျဆင်းသွားခဲ့ပြီး စပိန်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ခဲ့ရသည်။ သို့သော်လည်း ပြင်သစ်အသင်းသည် ပွဲချိန် ၂၅ မိနစ်နှင့် ၂၈ မိနစ်တွင် လိုပက်ဇ်နှင့် ဘက်နာတို့၏ သွင်းဂိုးများကို ခုခံကာကွယ်နိုင်စွမ်းမရှိဘဲ သွင်းဂိုးအဖြစ် ခွင့်ပြုပေးခဲ့ရသည်။ ပထမပိုင်းပွဲချိန်ပြည့်ခါနီးတွင် ပြင်သစ်အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ကို စပိန်အသင်း အကောင်းဆုံးဟန့်တား ရင်းထုတ်နိုင်ခဲ့သည့်အတွက် သက်သာရာရခဲ့သည်။

ဒုတိယပိုင်းတွင် ချေပဂိုးများ ရရှိခဲ့သည်အထိ ပြင်သစ်အသင်း၏ ကစားအား တက်လာခဲ့သည်။ ပြင်သစ်အသင်းအတွက် ဒုတိယ ချေပဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ရရှိခဲ့ပြီး အာလီအိုချီက သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန်ပြည့်ခါနီးတွင် ပြင်သစ်အသင်းအတွက် တတိယချေပဂိုးရရှိခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် မာတီတာက သွင်းယူပေးခဲ့သည်။ ပြင်သစ်နှင့် စပိန်အသင်းတို့သည် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်သုံးဂိုးစီ သရေကျနေခဲ့၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

အချိန်ပိုတွင် ပြင်သစ်အသင်းသည် စပိန်အသင်းဘက်သို့ ထိုးဖောက် တိုက်စစ်ဆင်မှုများနှင့်အတူ ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၁၀၀ နှင့် မိနစ် ၁၂၀ တို့တွင် ကာမဲယ်လို၏ သွင်းဂိုးများ ခွင့်ပြုပေးခဲ့ရသည့်အတွက် ငါးဂိုး – သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

ထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာမူ အဝေးကွင်းတွင် ထူးထူးခြားခြားလုပ်မပြနိုင်ဘဲ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

**တိုက်စစ်ဖွင့်ကစား**

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားကစားသမား လေးဦးကို ပွဲထွက်လူစာရင်းတွင် ပထမဆုံးအကြိမ် တစ်ပြိုင်နက်အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ကိုယ်စီရရှိခဲ့သည်။ ၂၆ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး ခွန်ကျော်ဇင်ဟိန်း၏ ပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူး ရင်တာရိဒါဆေးဗားက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင်လည်း ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၅၆ မိနစ်တွင် မျိုးကိုထွန်းက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၆၉ မိနစ်တွင် ကွင်းလယ်ကစားသမား မတ်ခ်ဆာကီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ရင်တာရိုက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၆ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက ခြောက်ပွဲကစား ကိုးမှတ်ရရှိထားသည်။

**ဂိုးပြတ်သွင်းယူ**

ပုသိမ်ကွင်း၌ကျင်းပသည့် ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို အဝေးကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် နောက်ကျအနိုင်ဂိုးဖြင့် ထိပ်ဆုံးမှ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းကို ရမှတ်တူဆက်လက်ဖိအားပေးလျက်ရှိသည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၉၀+၁ မိနစ်တွင် တိုက်စစ်မှူးအောင်မြတ်သူက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက်ဂိုးသမား နေလင်းထက်က ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၆ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ခြောက်ပွဲကစား လေးမှတ်ရရှိထားသည်။ သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိကာ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ရာသီအစ ငါးပွဲဆက် အရေးနိမ့်ထားသည့်တန်းတက် သစ္စာအားမာန်အသင်းသည် ရခိုင်ယူနိုက်တက်ကို ဂိုးပြတ်သွင်းယူကာ ပထမဆုံးနိုင်ပွဲရယူပြီး ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို လေးမိနစ်တွင် သိန်းထွန်းအောင်၊ ၁၉၊ ၂၄၊ ၃၁ မိနစ်တွင် လင်းထက်ဦး၊ ၅၈ မိနစ်တွင် စောမျိုးဇော်၊ ၆၇ မိနစ်တွင် နိုင်ဝင်းထွန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် လင်းထက်ဦးက ရရှိသည်။ ယခုပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ခြောက်ပွဲကစား သုံးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခြောက်ပွဲကစား တစ်မှတ်ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

## ကျိုက်မရောမြို့နယ်၌ ဂေဟစနစ် ပြန်လည်ဖြည့်တင်းရေး သစ်ပင်စိုက်ပျိုးပွဲနှင့် သစ်စေ့တိုက်ရိုက်ချ စိုက်ပျိုးပွဲကျင်းပ

**ကျိုက်မရော ဩဂုတ် ၁၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ဆပ်ကော်မတီ၏ ဦးဆောင်မှုဖြင့် ဂေဟစနစ်ပြန်လည်ဖြည့်တင်းရေး အစီအစဉ်အရ သစ်ပင်စိုက်ပျိုးပွဲနှင့် သစ်စေ့တိုက်ရိုက်ချစိုက်ပျိုးပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကျိုက်မရောမြို့နယ် ကြက်သွန်ကုန်းကျေးရွာအနီးရှိ လမ်းခင်းကျောက်ထုတ်လုပ်သည့်လုပ်ကွက်ဟောင်းနေရာ၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ယုနှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေး မှူးများ စုစုပေါင်းအင်အား ၁၀၀ တို့က မန်ကျည်းရှားအပင် ၃၅၀ နှင့် မန်ကျည်းရှားမျိုးစေ့နှစ်သောင်းခန့်အား သစ်စေ့တိုက်ရိုက်ချစိုက်ပျိုးခြင်းဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



✻ *ကျောဖုံးမှ*

တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ Women's Model Physique up to 160 cm ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နီနီအောင်က ပထမ(ရွှေတံဆိပ်)၊ တရုတ်(မကာအို)နိုင်ငံက ဒုတိယ(ငွေတံဆိပ်)နှင့် ထိုင်းနိုင်ငံက တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း၊Women's Athletic Physique up to 165 cm ပြိုင်ပွဲတွင် မသဲဝါဒုတိယ(ငွေတံဆိပ်) ဆုအသီးသီးရရှိခဲ့ကြသည်။

ထို့အပြင် ကာယဗလ ၈၅ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဟိန်းထက်ကျော်နှင့် Men's Sports Physique up to 170 cm ပြိုင်ပွဲတွင် သန်းထိုက်ဦးတို့က ပဉ္စမရရှိခဲ့ပြီးပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ

# လူငယ်ကဏ္ဍမြှင့်တင်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့

*မောင်လူအေး(ရေစကြို)*

*(ယမန်နေ့မှ အဆက်)*

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လတ်တလောဆောင်ရွက်ရမည့် အစီအစဉ် များနှင့် ရေရှည်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သင့်လျော် ကောင်းမွန်သော အတွေးအမြင်၊ အယူအဆ၊ အကြံပြုချက်များရရှိနိုင်စေရန် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်ခဲ့သည့် သင်တန်း သား အရာရှိကြီး ၁၅ ဦးနှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၁၇)သို့ တက်ရောက်ခဲ့သည့် သင်တန်းသား အရာရှိကြီး ၃၄ ဦးတို့အား အုပ်စု(၄)စု ခွဲ၍ ၄၅ မိနစ်ကြာ ဆွေးနွေးစေကာ အကြံဉာဏ်များ ရယူခဲ့ပါသည်။

**လတ်တလောနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

အုပ်စု(၄)ခုမှ သင်တန်းသားအရာရှိကြီးများ၏ ဆွေးနွေးအကြံပြုချက်များအပေါ် တူညီသည့် အကြောင်းအရာကဏ္ဍအလိုက် စုစည်းစေခဲ့ရာ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လတ်တလော ဆောင်ရွက်ရမည့်အစီအစဉ် များနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**လတ်တလောဆောင်ရွက်ရမည့်အစီအစဉ်များ**

(၁) အခြေခံပညာကျောင်းများမှ စတင်ကာ ကျောင်းတွင်း အာဟာရကျွေးမွေးသည့် အစီအစဉ်၊

(၂) အခြေခံပညာကျောင်းများတွင် အားကစား လှုပ်ရှားမှု အစီအစဉ်များ (Physical Activities and Sports Activities)၊

(၃) စိတ်ကောင်း နှလုံးကောင်းရှိစေရန်နှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေရန် အတွက် ပြည်သူ့နီတိနှင့် စာရိတ္တဖွံ့ဖြိုးမှု ဆိုင်ရာ ဟောပြောပွဲများ၊

(၄) ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ၊

(၅) မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲများ၊

(၆) အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက် တတ်သည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးခြင်း၊

(၇) လူငယ်များ မိမိကိုယ်တိုင်/မိမိဘာသာ ဦးဆောင်တတ်သည့် အလေ့အကျင့် ကောင်းများ ရရှိစေရန်အတွက် လူငယ် ခေါင်းဆောင်မှုအစီအစဉ်များ၊

(၈) ဘာသာရေးသင်တန်းများ(ဥပမာ-တရား ထိုင်ခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်း)၊

(၉) Life Skills/ Soft Skills သင်တန်းများ၊

(၁၀) အသက်မွေးဝမ်းကျောင်းသင်တန်းများ၊

(၁၁) အလုပ်သင်အစီအစဉ်များ(Internship)၊

(၁၂) ကျောင်းသား အပြန်အလှန်ဖလှယ်ရေး အစီအစဉ် (Student Exchange Programs) (နိုင်ငံခြားတက္ကသိုလ်များ သာမက ပြည်တွင်းရှိ တက္ကသိုလ်များ အချင်းချင်းကြားတွင်လည်း ဆောင်ရွက် ရန်)၊

(၁၃) ကဏ္ဍစုံမှလူငယ်များပါဝင်သော လူငယ် တွေ့ဆုံပွဲများ၊

(၁၄) လူငယ်စကားဝိုင်းများ၊

**ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(၁) Sport Strategic Plan ရေးဆွဲအကောင် အထည်ဖော်ခြင်း၊

(၂) အမျိုးသားအားကစားပွဲတော်များ ကျင်းပ ခြင်း၊

(၃) ကဏ္ဍစုံပါဝင်သည့် လူငယ်ဆိုင်ရာ ပြတိုက်များ တည်ထောင်ခြင်း၊

(၄) လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက် နိုင်သည့် လူငယ်စင်တာနှင့် လူငယ် စာကြည့်တိုက်များ တည်ထောင်ခြင်း၊

(၄) မတူကွဲပြားသော ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားတတ်စေရန် လေ့ကျင့် ပျိုးထောင်ပေးခြင်း၊

(၅) မိမိနိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှု၊ အမျိုး သားရေးစရိုက်လက္ခဏာများကို တန်ဖိုး ထား ထိန်းသိမ်းတတ်စေရန် ဆောင်ရွက် ခြင်း၊


(၆) မိမိနိုင်ငံနှင့် မိမိလူမျိုးအကြောင်း လူငယ် များ ပိုမိုနားလည်သိရှိစေရန် အမျိုးသား နိုင်ငံရေး အသိပညာများ ဖြန့်ဝေခြင်း၊

(၇) Formal Education, Non-formal Education, Informal Education များ အပါအဝင် ဘဝတစ်သက်တာ သင်ယူခြင်း (Lifelong Learning)နှင့် အတတ်ပညာ ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေး (Continuous Professional Development)တို့ ဆောင်ရွက်ပေးခြင်း၊

(၈) ကျေးလက်ဒေသများတွင် ဒေသတစ်ခု ထွက်ကုန်တစ်ခု (One Village One Product) လုပ်ငန်းများတွင် ဒေသခံ လူငယ်များပါဝင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၉) ICT နှင့် Digital Technology နည်းပညာ ရပ်များအား လူငယ်တိုင်းလက်လှမ်းမီ သင်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(၁၀) အသက်မွေးဝမ်းကျောင်း ပညာသင် ထောက်ပံ့ကြေးပေးအပ်ခြင်း၊




❖ **နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျပြီး လူစွမ်းအား အရင်းအမြစ် ပြုစုပျိုးထောင်မှုအစီအမံများနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု များသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်**

❂ **မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ မှီခိုသူဦးရေ အချိုးအစားနည်းပါးပြီး အလုပ်လုပ် နိုင်သည့် လူဦးရေအချိုးအစား များပြားနေသည့် လူဦးရေဆုလာဘ်ကို ရရှိထားခြင်းဖြစ်ရာ ယင်းအခွင့်အရေးကို အပြည့်အဝအသုံးချနိုင်ရေး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည့် အချိန်အခါဖြစ်**

သင်တန်းသားအရာရှိကြီးများ၏ ဆွေးနွေး အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ ပကတိ မြေပြင်အခြေအနေနှင့်ကိုက်ညီပြီး လက်တွေ့ အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်နှင့် လူငယ်များအတွက် အမှန်တကယ်အကျိုးကျေးဇူး များသည့် အကြံပြုချက်များဖြစ်ပါသည်။ အချို့သော ဆွေးနွေးအကြံပြုချက်များမှာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက လက်ရှိအကောင် အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သင်တန်းသား အရာရှိကြီးများ၏ အကြံပြုချက် များအား လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာစီမံချက်တွင် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် ထည့်သွင်းရေးဆွဲ နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေ ဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဗဟိုချက်ဌာနအဖြစ် တာဝန်ယူကာ လူငယ် များ၏ အခွင့်အရေးများ အပြည့်အဝရရှိရေးနှင့် လူငယ်များ၏ နယ်ပယ်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက် ရေးအတွက် လူငယ်ရေးရာမူဝါဒ၊ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့်အညီ ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီက ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်း များ၊ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာ ကော်မတီများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ် များနေ့ အခမ်းအနားနှင့် ဆက်စပ်အစီအစဉ်များ ဖြစ်သည့် လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးအစီ အစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များကို နေပြည်တော်တွင် နိုင်ငံတော်အဆင့် စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် လူငယ်ဖိုရမ်မှ ထွက်ပေါ်လာသော လူငယ်များ၏အသံ၊ လူငယ်များ၏ လိုလားချက်၊ သဘောထားများအပေါ် အလေးထားနားထောင်၍ အားကောင်းခိုင်မာထိရောက်သော ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ကို ရေးဆွဲအကောင်အထည်ဖော်သွားနိုင်မည် ဖြစ်ရာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအကျိုးရှိစေမည်ဖြစ်ပါသည်။

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေဖြင့် လည်းကောင်း၊ လူငယ်များ၏အခွင့်အရေးများ အပြည့်အဝ ဖော်ဆောင်ပေးနိုင်ရေးအတွက် လည်းကောင်း၊ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့နှင့် ဆက်စပ်အစီအစဉ်များအား အောက်ဖော်ပြပါ ရည်ရွယ်ချက်(၅)ရပ်ဖြင့် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်-

(၁) လူငယ်များအနေဖြင့် အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အဓိက အင်အားစုများအဖြစ် ပါဝင်လာ နိုင်စေရန်၊

(၂) မိမိနိုင်ငံနှင့် ယဉ်ကျေးမှုအပေါ် တန်ဖိုး ထား ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံ့သားကောင်းတစ်ယောက်၏ အခွင့် အရေးနှင့် တာဝန်များကို ပိုမိုနားလည် စေရန်၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

(၃) လူငယ်များအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှုတည်ဆောက်ပေးနိုင်စေရန်၊

(၄) လူငယ်များ၏တန်ဖိုးရှိသော စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ပေးနိုင်ရန်၊

(၅) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များတက်ကြွစွာ ပူးပေါင်းပါဝင်လာခြင်းအားဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်ရန်။

နိုင်ငံတော်အတွက် အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင်ဆောင်ရွက်သွားမည့် ဦးစားပေးလုပ်ငန်းစဉ်များအား လူငယ်များကိုယ်တိုင် ဦးဆောင်ပါဝင် ဆွေးနွေးဖော်ထုတ်နိုင်ရန်နှင့် ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များ/ အကြံပြုချက်များအား တာဝန်ရှိသူများထံသို့ ဆက်လက်တင်ပြနိုင်ရန်အတွက် လူငယ်ဖိုရမ်ကို ကျင်းပပြုလုပ်ရခြင်းဖြစ်ပြီး ယင်းလူငယ်ဖိုရမ်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများနှင့် အခြေခံပညာကျောင်းများမှ လူငယ်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ လူငယ်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းလူငယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူငယ်များအပါအဝင် နယ်ပယ်ပေါင်းစုံမှ လူငယ်အင်အား စုစုပေါင်း ၁၅၀၀ ခန့် ဖိတ်ကြားကာ အနှစ်သာရပြည့်ဝစွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖိုရမ်တွင် လူငယ်များအတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် လူငယ်ဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်ပြသခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ကုန်များနှင့် အထိမ်းအမှတ်ပစ္စည်းများ ခင်းကျင်းပြသခြင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများပြသခြင်း၊ စစ်တမ်းများ ကောက်ယူခြင်း၊ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းနှင့် ဆုလက်ဆောင်များပေးအပ်ခြင်း၊ စုပေါင်းဂီမ်းကစားခြင်းအစီအစဉ်များပါဝင်ရာ ဖိုရမ်သို့ တက်ရောက်မည့်လူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားကာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

**လူငယ်ဖိုရမ်တွင် ဆွေးနွေးမည့် အဓိက ကဏ္ဍ(၃)ရပ်**

၃၃-၈-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် လူငယ်ဖိုရမ်အား Myanmar Youth Voice 2040: Enhancing the Role of Youth in Creating a Better Society **"လူငယ်ကဏ္ဍ မြှင့်တင်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့"**ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များအား Agenda 2030 အလွန် ၂၀၄၀ ပြည့်နှစ်အထိ မျှော်တွေးကာ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်သည်။ လူငယ်ဖိုရမ်တွင် ဆွေးနွေးမည့် အဓိကကဏ္ဍ(၃)ရပ်မှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းသစ်ခြင်းကဏ္ဍ၊ လူမှု-ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍများ ဖြစ်ကြသည်။

အပိုင်း(၁) ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းသစ်ခြင်းကဏ္ဍအား ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဆောင်ပုဒ်နှင့်အညီ လူငယ်များ digital inclusion ဖြစ်စေရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာရပ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်စေရန် အတွက် ဉာဏ်ရည်တုနည်းပညာအကြောင်း၊ လူငယ်များ၏ဘဝကို တိုးတက်ပြောင်းလဲစေနိုင်သည့် နည်းပညာ၏စွမ်းအား၊ ဒစ်ဂျစ်တယ်ကမ္ဘာအား လူငယ်များ မည်ကဲ့သို့ချဉ်းကပ်သင့်သည့် နည်းလမ်းများအား သက်ဆိုင်ရာနယ်ပယ်တွင် ထူးချွန်အောင်မြင်နေသည့် ပညာရှင်လူငယ်များက ဟောပြောဆွေးနွေးကြမည်ဖြစ်ပြီး အတွေ့အကြုံရင့်ကျက်သည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက သဘာပတိအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

အပိုင်း(၂) လူမှုယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် လူငယ်များအောင်မြင်မှုရရှိရေး၊ ၂၁ ရာစုတွင် တတ်မြောက်ထားသင့်သည့် ကျွမ်းကျင်မှုများ၊ ကိုယ်ခန္ဓာနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်လူငယ်များ ဖြည့်ဆည်းထားရှိရမည့် အရည်အချင်းများ စသည့်အကြောင်းအရာများပါရှိပါသည်။ ထို့အတူ အပိုင်း(၃) စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍအောက်တွင် လူမှုစီးပွားဘဝအောင်မြင်ရေးအတွက် စွန့်ဦးတီထွင်ခြင်း၊ နည်းပညာ၊ သက်မွေးပညာ၊ လေ့ကျင့်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွင် မိမိအမှတ်တံဆိပ်နှင့် ပုံရိပ်တိုးတက်ကောင်းမွန်အောင် မြှင့်တင်၍ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် ပိုမိုကောင်းမွန်သော ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အောင်မြင်မှုရရှိနေသည့် လူငယ်စီးပွားရေးစွမ်းဆောင်ရှင်များက ဦးဆောင်ကာ ဆွေးနွေးသွားကြမည်ဖြစ်သည်။

ဟောပြောဆွေးနွေးမှုများအပြီးတွင် သက်ဆိုင်ရာခေါင်းစဉ်အလိုက် လူငယ်များ အုပ်စုဖွဲ့ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် ရလဒ်များ/အကြံပြုချက်များအား စုစည်းကာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရေး မူဝါဒဆိုင်ရာအကြံပြုချက်များအဖြစ် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ မိမိနိုင်ငံနှင့် လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်များ တိုးပွားလာစေရေးနှင့် ရိုးရာယဉ်ကျေးမှုလေ့ထုံးစံများကို တန်ဖိုးထားထိန်းသိမ်းတတ်စေရေးတို့အတွက် ၁၄-၈-၂၀၂၄ ရက်နေ့တွင် သွားရောက်မည့် လူငယ်လေ့လာရေးအစီအစဉ်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ အမျိုးသားပြတိုက်(နေပြည်တော်)၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် အားကစားသမိုင်းပြတိုက်တို့ကို ရွေးချယ်ထားရှိပါသည်။

လူငယ်များအကြား စေတနာ့ဝန်ထမ်းနှင့် ပရဟိတစိတ်ဓာတ်များ အားကောင်းလာစေရေး၊ လူမှုရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး လူမှုဝန်ထမ်းစိတ်ဓာတ်များ တိုးပွားလာစေရေးနှင့် မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များအဖြစ် ကလေးပြုစုရေးဌာန(နေပြည်တော်)နှင့် ကရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာများသို့ သွားရောက်ကာ အဆောက်အဦပရဝဏ်သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကလေးငယ်များအား ပုံပြင်ပြောဆိုခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ စုပေါင်းဂိမ်းကစားခြင်း၊ အဘိုးအဘွားများနှင့်အတူ တေးသီချင်းများ သီဆိုခြင်းနှင့် အလှူငွေများပေးအပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

**အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့နှင့် ဆက်စပ်အစီအစဉ်များသို့ တက်ကြွစွာ ပါဝင်ဆွေးနွေးကြမည့် လူငယ်ကိုယ်စားလှယ်များနှင့် လုပ်အားဖြင့် ပါဝင်ကူညီပေးကြမည့် မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ စေတနာ့ဝန်ထမ်းလူငယ်များအား မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၏ အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျပြီး လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုအစီအမံများနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ မိမိုသူဦးရေ အချိုးအစားနည်းပါးပြီး အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးအစား များပြားနေသည့် လူဦးရေဆုလာဘ်ကို ရရှိထားခြင်းဖြစ်ရာ ယင်းအခွင့်အရေးကို အပြည့်အဝအသုံးချနိုင်ရေး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည့် အချိန်အခါဖြစ်ပါသည်။

သို့သော် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်း လုပ်ငန်းရပ်များသည် သိမ်မွေ့နက်နဲ ကျယ်ပြန့်သည့်အတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်းတစ်ခုတည်းက တာဝန်ယူဆောင်ရွက်၍ အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းမျိုး မဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မူလလုပ်ငန်းရပ်များ၊ ဦးစားပေးကဏ္ဍများ၊ ဆောင်ရွက်ချက်များနှင့် ဆက်စပ်လျက်ရှိသည့် (cross-cutting)ကဏ္ဍများဖြစ်သည့်အတွက် လူငယ်ရေးရာကော်မတီများက ဦးဆောင်ကာ ဆက်စပ်ဌာန/အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အပြည့်အဝပူးပေါင်းပါဝင်အားဖြည့်မှသာလျှင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော၊ လူမှုသဟဇာတဖြစ်သော၊ ပိုမိုကောင်းမွန်သော အနာဂတ်လူ့အဖွဲ့အစည်းကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်ပါကြောင်း တင်ပြရင်း **၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။



**ကိုးကား**

- လူငယ်ရေးရာမူဝါဒ (၂၀၁၇)
- ၂၁ရာစု ပြည်သူ့နီတိ၊ တင်ညွန့် (၂၀၁၈)
- ၂၀၁၉ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအစီရင်ခံစာ (၂၀၂၀)
- လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄) (၂၀၂၀)
- သတင်းစာများ (၂၀၂၄)


## ဇလွန်မြို့၌ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်း (အခြေခံ)သင်တန်းဖွင့်ပွဲကျင်းပ

ဇလွန် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ တစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်း (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက်က ဇလွန်မြို့နယ် ကျုံရှကျေးရွာအုပ်စု ကျုံရှကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဟသ်ာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာထွေးက အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းအကြောင်းနှင့် စီမံကိန်းသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားကာ ကျုံရှကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဇော်လင်းနိုင်က မိမိတို့ဒေသတွင် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းပါ အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင် လက်တွေ့အသုံးချ သင်ကြားပြသမည့် စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှု၍ သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ အဆိုပါ သင်တန်းကို ဩဂုတ် ၂၃ ရက်အထိ နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မင်းဘူးခရိုင်အတွင်းမှ ကမ်းပြိုဘေးသင့် ပြည်သူများအား ဆန်ရိက္ခာဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ထောက်ပံ့ပေးအပ်

မင်းဘူး ဩဂုတ် ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကမ်းပြိုဘေးသင့်ကျေးရွာများမှ ပြည်သူများအား ဆန်ရိက္ခာဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ဩဂုတ် ၉ ရက်က ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ကမ်းပြိုဘေးသင့်ခဲ့သော မင်းဘူး(စကု)မြို့နယ် ကျောင်းကုန်းကျေးရွာမှ အိမ်ထောင်စု လေးစု၊ လူဦးရေ ၂၂ ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၄၀၀၀၀၀ နှင့် ဆန်ရိက္ခာဖိုး ငွေကျပ် ၄၆၂၀၀ စုစုပေါင်း ကျပ် ၄၄၆၂၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာတွင်လည်း အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၅၇ ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၄၀၀၀၀၀ နှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၁၁၉၇၀၀ စုစုပေါင်း ၁၅၁၉၇၀၀ ထောက်ပံ့ပေးအပ်ခဲ့ရာ ကမ်းပြိုဘေးသင့်ပြည်သူ ၇၉ ဦးအတွက် ကျပ် ၁၉၆၅၉၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)

## ဘရာဇီးခရီးသည်တင်လေယာဉ်ပျက်ကျ၊ အသက်ရှင်လွတ်မြောက်သူမရှိ


လေယာဉ်ပျက်စီးမှုအပိုင်းအစများကို တွေ့ရစဉ်။

**ရီယိုဒီဂျနေးယိုး ဩဂုတ် ၁၀**

ဘရာဇီးနိုင်ငံ၌ ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသည့် လူ ၆၁ ကျော်လုံး သေဆုံးသွားခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

အဆိုပါ ခရီးသည်တင်လေယာဉ်သည် ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က ဆောပိုလိုမြို့ ၈၀ ကီလိုမီတာအကွာရှိ လူနေရပ်ကွက်တစ်ခုတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါ လေယာဉ်မှာ အေတီအာ-၇၂ အမျိုးအစားဖြစ်ပြီး လေယာဉ်ပေါ်တွင် ခရီးသည် ၅၇ ဦးနှင့် လေယာဉ်အမှုထမ်း လေးဦး လိုက်ပါလာကြောင်း ဗိုးပတ်စ်လေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောသည်။

လူနေအိမ်ပတ်ဝန်းကျင်အနီးတွင် လေယာဉ်အပျက်အစီးများ ပြန့်ကျဲနေသည်ကို ဗီဒီယိုမှတ်တမ်းတွင် တွေ့ရှိရသည်။ အဆိုပါလေယာဉ်သည် ပါရန်နာပြည်နယ်မှ ဆောပိုလိုရှိ ဂါရူလပ်စ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဦးတည်ပျံသန်းလာသည့် လေယာဉ်ဖြစ်သည်။

လေယာဉ်ပျက်ကျမှုတွင် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်းသမ္မတ လူလစ်အင်နာစီယို လူလာဒါဆယ်လ်ဗားက ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျရာနေရာတွင် နေထိုင်ကြသည့်ဒေသခံများတွင် ထိခိုက်ဒဏ်ရာရရှိမှုသတင်းများ မရရှိသေးဟု ဒေသခံမီဒီယာများက ပြောသည်။

**အင်န်အိတ်ချ်ကေ**



## အီရန်နိုင်ငံက အစ္စရေးကို လက်တုံ့ပြန်ရန် ပြင်ဆင်နေ

### အစ္စရေးနှင့် အမေရိကန်က လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြင့်တင်

**ဂျေရုဆလင် ဩဂုတ် ၁၀**

အီရန်နိုင်ငံသည် နိုင်ငံအတွင်း ဟားမားစ်နိုင်ငံရေးခေါင်းဆောင် အသတ်ခံရမှုနှင့် ပတ်သက်ပြီး အစ္စရေးကို လက်တုံ့ပြန်နိုင်ရေး ပြင်ဆင်နေပြီး အခြားတစ်ဖက်တွင် အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့ကလည်း အီရန်၏ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြင့်တင်လျက်ရှိကြောင်း သိရသည်။

ဟားမားစ် နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ်ဟာနီယေးသည် လွန်ခဲ့သည့်လက အီရန်နိုင်ငံသို့ရောက်ရှိစဉ် လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး အီရန်က အစ္စရေးကို အပြစ်တင်ခဲ့ပြီး လက်တုံ့ပြန်သွားမည်ဟုလည်း ကတိပြုပြောကြားထားသည်။

အစ္စလာမ့်စ် တော်လှန်ရေးအစောင့်တပ်မှ Quds Force အဖွဲ့၏တပ်မှူး အစ္စမေးလ်ကာနီသည် ဟားမားစ်နိုင်ငံရေးခေါင်းဆောင် သစ်ထံသို့ စာတစ်စောင်ပေးပို့ခဲ့ကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားက သောကြာနေ့တွင် အစီရင်ခံဖော်ပြထားသည်။ Quds Force သည် ဟားမားစ်နှင့်အစ္စရေးဆန့်ကျင်ပဲ့အဖွဲ့များကို ထောက်ပံ့ပေးနေသော လက်ရွေးစင်တပ်ဖွဲ့တစ်ခုဖြစ်သည်။

အီရန်နိုင်ငံသည် အစ္စရေးနိုင်ငံကို ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးသွားမည်မှာ သံသယဖြစ်ဖွယ်မရှိကြောင်း ယင်းစာထဲတွင် ကာနီက ဆိုထားသည်။ ထိုစဉ် အစ္စရေးကာကွယ်ရေးဝန်ကြီး ယော့ဗ်ဂါးလန့်ကလည်း ကာကွယ်ရေးအကူအညီများနှင့်ပတ်သက်ပြီး ဆွေးနွေးရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အီသီယိုးပီးယား၌ နှစ်စဉ်ခရီးသည်သန်း ၁၀၀ကို ဝန်ဆောင်မှုပေးနိုင်မည့် လေဆိပ်သစ်ကြီး တည်ဆောက်မည်

**အဒစ္စအာဘာဘာ ဩဂုတ် ၁၀**

အီသီယိုးပီးယားနိုင်ငံမြို့တော် အဒစ္စအာဘာဘာ၏ အရှေ့ဘက် ၄၂ ကီလိုမီတာခန့်အကွာရှိ ဘစ်ရှော့်ဖ်တူမြို့အနီးတွင်တည်ဆောက်မည့် လေဆိပ်သစ်ကြီး၏ ဒီဇိုင်းနှင့်ကြီးကြပ်မှုအတွက် အီသီယိုးပီးယား လေကြောင်းလိုင်းနှင့် နိုင်ငံတကာအတိုင်ပင်ခံကုမ္ပဏီ ဒါအယ်လ်ဟန်ဒါဆားရဲ့တို့အကြား ဩဂုတ် ၉ ရက်က သဘောတူလက်မှတ်ရေးထိုးသည်။

လေဆိပ်သစ်ကြီးသည် တစ်နှစ်လျှင် ခရီးသည် သန်း ၁၀၀ ကို ဝန်ဆောင်မှုပေးနိုင်ပြီး လေယာဉ်အစင်းရေ ၂၇၀ ရပ်နားနိုင်မည်ဖြစ်ကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်းအုပ်စု၏ အမှုဆောင်အရာရှိချုပ် မက်စ်ဖင်တေးဆောက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပြေးလမ်းလေးခုပါ လေဆိပ်သစ်ကြီးကို ၂၀၂၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးပါက အာဖရိက၏ အကြီးဆုံးလေဆိပ်ကြီးဖြစ်လာမည်ဖြစ်ပြီး အီသီယိုးပီးယားလေကြောင်းလိုင်း၏ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ လေဆိပ်သစ်ကြီးကို အဆင့်နှစ်ဆင့်ဖြင့် ငါးနှစ်ကြာတည်ဆောက်မည်ဖြစ်ပြီး ပထမအဆင့် ပြေးလမ်း နှစ်ခုပြီးစီးပါက တစ်နှစ်လျှင် ခရီးသည် သန်း ၆၀ ကို လက်ခံနိုင်မည်ဖြစ်ကြောင်း တေးဆောက သတင်းထောက်များကို ပြောကြားသည်။ ဧရိယာအကျယ်အဝန်း ၃၅ စတုရန်းကီလိုမီတာတွင် တည်ဆောက်မည့် လေဆိပ်သစ်ကြီးတွင် ဈေးဝယ်စင်တာများနှင့် ဟိုတယ်များလည်း ပါဝင်မည်ဖြစ်သည်။

အီသီယိုးပီးယား လေကြောင်းလိုင်းသည် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ခရီးသည် ၁၇ ဒသမ ၁ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် စတင်ခဲ့သော ဘဏ္ဍာနှစ်သစ်တွင် ခရီးသည်သန်း ၂၀ အထိ ဝန်ဆောင်မှုပေးနိုင်ရန် မျှော်မှန်းထားသည်။

ယခုလက်ရှိတွင် အာဖရိက၏ အကြီးဆုံးလေကြောင်းလိုင်းအတွက် အဒစ္စအာဘာဘာဘိုးလေ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးက တစ်နှစ်လျှင် ခရီးသည် ၂၅ သန်းကို အမြဲတမ်းဝန်ဆောင်မှုပေးလျက်ရှိသည်။

**ဆင်ဟွာ**

## သီရိလင်္ကာ နိုင်ငံတစ်ဝန်း တောဆင်ရိုင်း သန်းခေါင်စာရင်း ကောက်ယူမည်

**ကိုလံဘို ဩဂုတ် ၁၀**

သီရိလင်္ကာ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ဩဂုတ် ၁၇၊ ၁၈ နှင့် ၁၉ ရက်တို့တွင် တစ်နိုင်ငံလုံးရှိ တောဆင်ရိုင်းများကို သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ် ချန်ဒါနာ ဆူရိယာဘန္ဒာက တောဆင်ရိုင်း သန်းခေါင်စာရင်းကောက်ယူရန်အတွက် နိုင်ငံတစ်ဝန်းတွင် စစ်တမ်းစင်တာပေါင်း ၃၁၃၀ ကို ထူထောင်ထားကြောင်း၊ စာရင်းကောက်ယူရာတွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများအပြင် အခြားသော အစိုးရအေဂျင်စီများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများ၊ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများမှ ကျောင်းသား ကျောင်းသူများနှင့် စေတနာ့ဝန်ထမ်းများက ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

သန်းခေါင်စာရင်းကောက်ယူခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆင်များအတွက် ဘေးမဲ့နယ်မြေသစ်များ တည်ထောင်ခြင်း၊ ရှိရင်းစွဲ ထိန်းသိမ်းရေးနယ်မြေများ ပိုမိုကောင်းမွန်လာစေရန်၊ ဆင်နှင့် လူသားပဋိပက္ခကို တားဆီးရန် ဗျူဟာမြောက် အစီအမံများ ပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလိုအပ်ချက်များအကြား ဟန်ချက်ညီအောင် တည်ဆောက်နိုင်ရေးတို့ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သီရိလင်္ကာတွင် ၂၀၁၁ ခုနှစ် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းအရ ဆင်ကောင်ရေ အနည်းဆုံး ၅၈၇၉ ကောင်ရှိကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

**ဆင်ဟွာ**



## နိုင်ဂျာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၉၄ ဦးရှိ

**နီယာမေ ဩဂုတ် ၁၀**

နိုင်ဂျာနိုင်ငံ၌ မေလ မိုးရာသီစတင်ကတည်းက မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဒဏ်ရာရရှိသူ ၉၃ ဦးနှင့် သေဆုံးသူ ၉၄ ဦးရှိသည်ဟု အာဏာပိုင်များက ပြောသည်။

သေဆုံးသူများအနက် ၄၄ ဦးမှာ ရေကြီးမှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၅၀ မှာ နေအိမ်ပြိုကျ၍ သေဆုံးခြင်းဖြစ်ကြောင်း ဩဂုတ် ၈ ရက်သတင်းစာရှင်းလင်းပွဲ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီး အိုင်ဆာ လာဝန် ဝန်ဒရာမာက ပြောသည်။

နိုင်ငံအတွင်း ဒေသကြီးရှစ်ခုတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပြီး ကျေးရွာပေါင်း ၆၉၂ ရွာ ရေလွှမ်းမိုးမှုဒဏ်ခံစားရသည်။ နေအိမ်ပေါင်း ၁၄၀၄၅ အိမ် ပြိုကျပျက်စီးခဲ့ရပြီး မွေးမြူရေးလုပ်ငန်းပေါင်း ၁၅၄၇၂ ခု၊ စိုက်ပျိုးမြေ ၂၇၆၃ ဟတ်တာ ရေလွှမ်းမိုးခဲ့သည်။ စာသင်ခန်းပေါင်း ၃၇ ခုပျက်စီးခဲ့ပြီး အစားအသောက်တန်ချိန် ၁၇၄၉၅ တန် ပျက်စီးခဲ့ရသည်။ ယနေ့အချိန်အထိ အစားအသောက်ဖြန့်ဖြူးရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်သည်။

ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည့် ပြည်သူများလိုအပ်သည့်အကူအညီများရရှိရေး အစိုးရက လိုအပ်သည့်လုပ်ဆောင်မှုများ လုပ်ဆောင်လျက်ရှိသည်။ ဩဂုတ်လသည် မိုးသည်းထန်စွာရွာသွန်းသည့်လဖြစ်သည့်အတွက် အန္တရာယ်များသည့်နေရာများ၊ နေအိမ်များမှထွက်ခွာရန် ရေနုတ်မြောင်းများ စီစဉ်ပေးခြင်းနှင့် ကြံ့ခိုင်မှုနည်းပါးသော နေအိမ်များကို ပြန်လည်ပြုပြင်ခြင်းတို့ပြုလုပ်ရန် တိုက်တွန်းထားသည်။ ရောဂါကူးစက်မှုများမှ ရှောင်ရှားရန် ပြည်သူများအနေဖြင့် ပျက်စီးနေသည့်နေအိမ်များမှ ထွက်ခွာကြရန်လည်း၎င်းက တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# အရေးပေါ်ကူညီမှုတွေ လုပ်ဆောင်ရတော့မယ့် ဂါဇာ

**ထွန်းကျော်**

အစ္စရေးနဲ့ ဟားမားစ်တို့ ပဋိပက္ခဖြစ်ပွားလာတာ ၁၀ လကျော်လာတဲ့အချိန်မှာတော့ ဂါဇာကမ်းမြောင်ဒေသမှာ သေဆုံးသူ အရေအတွက်ဟာလည်း ၄၀၀၀၀ နီးပါးရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ကျန်းမာရေး အာဏာပိုင်တွေကတော့ ဒီအခြေအနေကို ရှင်းရှင်းလင်းလင်း မီးမောင်းထိုးပြလိုက်ပြီး နောက်ထပ်သေဆုံးသူအရေအတွက် မြင့်တက်လာမယ့်အပေါ် စိုးရိမ်နေကြပါတယ်။

### အရေးတကြီးကူညီမှုလိုအပ်

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအခြေအနေတွေ ခံစားနေရတဲ့ ပြည်သူတွေဟာ အခုဆို ကျန်းမာရေးအကျပ်အတည်းကိုပါ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အရေးတကြီး ကူညီမှုတွေလိုအပ်နေပြီဖြစ်တယ်လို့ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်န်ဒီပီ)ရဲ့ ပါလက်စတိုင်းပြည်သူများအကူအညီပေးရေးအစီအစဉ်ဒုတိယအထူးကိုယ်စားလှယ် နီဂူချီချီတိုစီက ပြောကြားလိုက်ပါတယ်။

### လူပေါင်း ၃၉၄၄၅ ဦးသေဆုံး

ဂါဇာကမ်းမြောင်ဒေသမှာ လူပေါင်း ၃၉၄၄၅ ဦးသေဆုံးခဲ့ပြီး ၉၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ပါတယ်။ ထို့အတူ ၁ ဒသမ ၉ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ အဲဒီလိုဖြစ်ခဲ့ရတဲ့အကြောင်းရင်းတွေ အများကြီးရှိတဲ့အနက် အဓိက အကြောင်းရင်းတစ်ချက်ကတော့ တိုက်ပွဲတွေဖြစ်ပွားပြီး လုံခြုံရေးအခြေအနေ ဆိုးလာလို့ပဲဖြစ်ပါတယ်။ ထို့အတူ နေထိုင်မှုဆိုင်ရာအခက်အခဲတွေနဲ့လည်း ရင်ဆိုင်ကြုံတွေ့လျက်ရှိပါတယ်။ ဂါဇာမှာရှိတဲ့ လူအတော်များများ သင့်တော်တဲ့နေစရာအဆောက်အအုံမရှိသလို ရေနဲ့ မိလ္လာစနစ်တွေလည်း မကောင်းကြပါဘူး။ လူတစ်ယောက်ချင်းစီရဲ့ ဘဝတွေဟာ ဆိုးရွားလျက်ရှိပြီး ဒါဟာ တကယ့်ကို ပျက်စီးယိုယွင်းလာတဲ့ အခြေအနေတွေပဲ ဖြစ်ပါတယ်။

စစ်ပွဲတွေနဲ့ တင်းမာမှုတွေမြင့်တက်နေတဲ့ကြားထဲမှာ လူသားတွေကို ကူညီပေးတဲ့ အတွေ့အကြုံရှိတဲ့သူတောင် ဂါဇာရဲ့ မပြီးဆုံးသေးတဲ့ အကျပ်အတည်းတွေကြားထဲမှာ ရင်မောရပါတယ်။

### ထပ်ပြီးမကြုံတွေ့ချင်

ဂါဇာကမ်းမြောင်ဒေသမှာ ဘဝတစ်လျှောက်လုံးနေတဲ့ ပါလက်စတိုင်းနဲ့ ဂါဇာပြည်သူတွေကတောင် ဒီအခြေအနေတွေကို ထပ်ပြီးမကြုံတွေ့ချင်တော့ပါဘူး။ သူတို့တွေဟာ ရန်လိုမှုတွေ၊ ပြင်းထန်မှုတွေ၊ စစ်ပွဲပေါင်းများစွာကိုတောင် ဖြတ်သန်းခဲ့ကြတာပါ။ သို့သော်လည်း ဂါဇာဖြစ်နေတဲ့ အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခုတော့ မတူကြပါဘူး။

### ကလေးငယ်တွေဟာ ခေတ်ဆိုး စနစ်ဆိုးရဲ့သားကောင်တွေဖြစ်

၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ နေထိုင်ခဲ့တဲ့ နီဂူချီကတော့ ပိတ်ဆို့မှုတွေနဲ့ သိမ်းပိုက်ခြင်းတွေအောက်မှာတောင် ဂါဇာဟာ လှသွေးကြွယ်နေခဲ့တယ်လို့ ပြောခဲ့ပါတယ်။ အခုတော့ ဒီအခြေအနေတွေဟာ လက်ရှိအခြေအနေနဲ့ တခြားစီဖြစ်လို့နေပါပြီ။ လက်နက်မထိထားတဲ့ အဆောက်အအုံဆိုတာ ရှိတောင်မရှိတော့ပါဘူး။ ကလေးငယ်တွေဟာ ပိုပိုပြီးတော့ခေတ်ဆိုးစနစ်ဆိုးရဲ့သားကောင်တွေဖြစ်ခဲ့ရပါတယ်။

အခုဆိုရင် ဂါဇာဟာ အရင်လိုချစ်စရာမကောင်းတော့သလို အရင်လိုလည်း မဟုတ်တော့ပါဘူး။ အခြေအနေတွေက အလွန်ဆိုးရွားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကလည်း မကြုံစဖူးပါပဲ။ အခုဆိုရင် မိဘမဲ့တဲ့ ကလေးတွေ ပိုပိုများလာပါပြီ။ သူတို့ကို ဂရုစိုက်မယ့် လူတစ်ယောက်တလေတောင် မရှိတော့ပါဘူး။ သူတို့ထဲက တချို့ဆိုရင် လမ်းမတွေပေါ်မှာ ခြေဦးတည့်ရာ လျှောက်သွားနေကြပါတယ်။ ကလေးအများစုက ကျောင်းဆိုတာ ဘာလဲတောင် မသိတော့ပါဘူး။ သူတို့မှာ သွားစရာလည်း မြေမရှိတော့ပါဘူး။

ဂါဇာမှာ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုတွေ မရှိတော့တဲ့နောက်ပိုင်း ရောဂါကူးစက်ဖြစ်ပွားမှုနဲ့ ဖျားနာမှုတွေကလည်း တိုးမြင့်လာပါတော့တယ်။ ဖျားနာတဲ့သူတွေ သန်းကျော်ရှိပါတယ်။ သူတို့တွေမှာ အသည်းရောင်အသားဝါရောဂါတွေ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကူးစက်ဖြစ်ပွားမှုတွေ၊ ပိုလီယိုရောဂါဖြစ်ပွားမှုတွေ ဒုနဲ့ဒေးပါ။

### အမှိုက်တွေကိုပြန်ပြီး ခွဲထုတ်နေရ

အခုလို ဖြစ်ပွားရတဲ့အကြောင်းကတော့ ကောင်းမွန်တဲ့သောက်သုံးရေ မရရှိမှု၊ ကောင်းမွန်တဲ့ ရေဆိုးထုတ်စနစ်မရှိမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု မရှိမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။ အမှိုက်ပုံတွေဟာ လူတွေလမ်းလျှောက်တဲ့နေရာ၊ အလုပ်လုပ်တဲ့နေရာ၊ ဈေးဝယ်တဲ့နေရာ၊ နေထိုင်တဲ့နေရာတွေနဲ့ နီးကပ်နေပါတယ်။ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းတွေဆိုရင်လည်း ဒီအတိုင်း စွန့်ပစ်လို့မရပါဘူး။ သီးခြားစွန့်ပစ်ရမှာ ဖြစ်ပါတယ်။ အခုတော့ ဒီလိုမဟုတ်ပါဘူး။ သာမန်အမှိုက်တွေနဲ့ရောပြီး စွန့်ပစ်လိုက်ကြတာဖြစ်ပါတယ်။ အဲဒါတွေကို စနစ်တကျဖြစ်အောင်နဲ့ စွန့်ပစ်ထားတဲ့ ဆေးဘက်ဆိုင်ရာ အမှိုက်တွေကို ပြန်ပြီး ခွဲထုတ်နေရပါတယ်။



အမှိုက်ပုံကြား တစ်စုံတစ်ရာရှာဖွေနေသော ဂါဇာရှိ ကလေးများ။

> **“ အခုဆိုရင် ဂါဇာဟာ အရင်လိုချစ်စရာ မကောင်းတော့သလို အရင်လိုလည်း မဟုတ်တော့ပါဘူး။ အခြေအနေတွေက အလွန်ဆိုးရွားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကလည်း မကြုံစဖူးပါပဲ။ အခုဆိုရင် မိဘမဲ့တဲ့ ကလေးတွေ ပိုပိုများလာပါပြီ။ သူတို့ကို ဂရုစိုက်မယ့် လူတစ်ယောက် တလေတောင် မရှိတော့ပါဘူး။ သူတို့ထဲက တချို့ဆိုရင် လမ်းမတွေပေါ်မှာ ခြေဦးတည့်ရာ လျှောက်သွားနေကြပါတယ်။**



အစ္စရေးတို့ လေကြောင်းတိုက်ခိုက်မှုကြောင့် အုတ်ပုံအထိ ဖြစ်ပေါ်နေသော ဂါဇာရှိ အဆောက်အအုံများ။

### အမှိုက်တန်ချိန် ၉၀၀၀၀ ကောက်ခဲ့

ဇန်နဝါရီလမှ ဇူလိုင်လလယ်လောက်အထိ အမှိုက်တန်ချိန် ၉၀၀၀၀ ကို ကောက်ခဲ့ပါတယ်။ ယူအင်န်ဒီပီအနေနဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့အမှိုက်စွန့်ပစ်တဲ့ စနစ်တစ်ခုလုပ်ဆောင်ဖို့ အမေရိကန်ဒေါ်လာ ၆၂ မီလီယံ တောင်းခံခဲ့ပါတယ်။ ဒီလိုမျိုး အမှိုက်တွေကို စနစ်တကျစီမံခန့်ခွဲနိုင်မယ်ဆိုရင်လည်း ပြည်သူလူထုရဲ့ ကျန်းမာရေးပြဿနာတွေကို ကာကွယ်တဲ့နေရာမှာ တကယ်ထိရောက်မှာပဲဖြစ်ပါတယ်။

ဒါတွေကိုသာ မှန်မှန်ကန်ကန်စနစ်တကျမလုပ်ဘူးဆိုရင် ဒါတွေက ပြည်သူတွေရဲ့ဘဝကို ခြိမ်းခြောက်လာမှာပဲ ဖြစ်ပါတယ်။ တချို့ကတော့ အခုတောင် ကျန်းမာရေးပြဿနာတွေကို ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ နောက်ပိုင်း စစ်ဖြစ်ပြီးတာတောင် ပြန်လည်နာလန်ထူအောင် အများကြီးလုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဒါကြောင့် လတ်တလောမှာတော့ နိုင်ငံတကာအကူအညီတွေ အရေးပေါ်လိုအပ်လျက်ရှိပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ အများကြီးလိုပါတယ်။ ထောက်ပံ့ရေးနဲ့ ကုန်ပစ္စည်းတွေတင်မဟုတ်ဘဲ ဂါဇာကမ်းမြောင်ဒေသတွင်း သွားလာမှုဆိုင်ရာ ဘေးအန္တရာယ်ကင်းရေးနဲ့ တခြားစက်ကိရိယာတွေအထိ အကူအညီတွေ လိုအပ်နေတာ ဖြစ်ပါတယ်။

အချိန်မီ ကူညီမှုတွေသာ မလုပ်ဘူးဆိုရင် ဂါဇာရဲ့အခြေအနေဟာ ကူကယ်ရာမဲ့အခြေအနေဖြစ်ပြီး ဒီထက်ပိုဆိုးဖို့ပဲ ရှိပါတယ်။ ။

ကိုးကား - အင်န်အိတ်ချ်ကေ

# တိုင်းပြည်တိုးတက်ခြင်းအစ သန်းခေါင်စာရင်းက

ရွှေနန်းမေ

**သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်ချလိုက်ခြင်းဟု ဆိုရပါမည်။ တစ်နည်းအားဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် အမျိုးသားအဆင့်စာရင်းအင်းစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် အခြေခံအုတ်မြစ်ချပေးခြင်းပင်ဖြစ်ပါသည်။**

နိုင်ငံတော်၏ မူဝါဒများချမှတ်ခြင်း၊ ရန်ပုံငွေခွဲဝေခြင်းနှင့် တိုင်းဒေသကြီး / ပြည်နယ်အလိုက် အုပ်ချုပ်မှုစနစ်များ ပုံဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် နိုင်ငံတစ်နိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခြင်းသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်းက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ရန် အရေးကြီးလှပါသည်။ ထိုကဲ့သို့ပူးပေါင်းပါဝင်ကြမှသာလျှင် တိကျမှန်ကန်သော ကိန်းဂဏန်း၊ အချက်အလက်များကိုရရှိပြီး သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များဖြင့် နိုင်ငံ၏ တည်ဆောက်ရေးစီမံကိန်းနှင့် သုတေသနလုပ်ငန်းများအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။



၂၀၁၄ ခုနှစ်အတွင်းက ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနေသော ဝန်ထမ်းတစ်ဦးနှင့် ပြည်သူများ။

**သန်းခေါင်စာရင်း**

ကုလသမဂ္ဂ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူဦးရေသန်းခေါင်စာရင်းဆိုသည်မှာ သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း နိုင်ငံတစ်ခု (သို့မဟုတ်) သတ်မှတ်ထားသော နယ်နိမိတ်တစ်ခုအတွင်းရှိ လူအားလုံး၏ လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအချက်အလက်များကို စာရင်းကောက်ယူခြင်း၊ စုစည်းခြင်း၊ လေ့လာသုံးသပ်အကဲဖြတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ကုလသမဂ္ဂ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် "တစ်ဦးချင်းစီကို ကောက်ယူရမည်၊ နယ်နိမိတ်တစ်ခုအတွင်းရှိ လူအားလုံးကိုကောက်ယူရမည်၊ သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း တစ်ပြိုင်တည်းကောက်ယူရမည်" စသည့်အင်္ဂါရပ်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး အနည်းဆုံး ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူရန်လည်း အကြံပြုထားသည်။ သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာ သတင်းအချက်အလက်များကို စနစ်တကျကောက်ယူသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ အများအားဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဟု ခေါ်ဆိုလေ့ရှိပြီး နိုင်ငံတွင်းနေထိုင်လျက်ရှိသူအားလုံးကို စာရင်းကောက်ယူခြင်းဖြစ်ပါသည်။

**သန်းခေါင်စာရင်းကြောင့်ရရှိမည့် အကျိုးကျေးဇူး**

သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် တိကျခိုင်မာသည့် စာရင်းအင်းစနစ်များရရှိခြင်းဖြင့် မူဝါဒချမှတ်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ပြည်တွင်းပြည်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို ဆန်းစစ်လေ့လာရာတွင် လည်းကောင်း များစွာအကျိုးဖြစ်ထွန်းစေပါသည်။ နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကိုရရှိနိုင်သည့် အရေးကြီးသော အခြေခံအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ အဓိကအကျိုးကျေးဇူးမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ဖြစ်သည့် ကျေးလက်ဒေသများအထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ပါသည်။

သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ကျန်းမာရေး၊ ပညာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အခြေခံအဆောက်အအုံနှင့် အခြားလူမှုရေး ဝန်ဆောင်မှုများအတွက် အခြေခံအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

**သန်းခေါင်စာရင်းအစ**

မြန်မာ့သမိုင်းတွင် သာလွန်မင်းလက်ထက် (မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်)နှင့် ဘိုးတော်ဘုရားလက်ထက် (မြန်မာသက္ကရာဇ် ၁၁၄၅ ခုနှစ်) တွင် သန်းခေါင်စာရင်း သဘောသက်ရောက်သည့် စစ်တမ်းများ ကောက်ယူခဲ့ကြောင်း သိရှိရသည်။ အဆိုပါစာရင်းများတွင် လူဦးရေအကြောင်းအရာ၊ အိမ်ခြေလယ်ယာ၊ မြေသီးနှံအထွက်၊ အခွန်တော်ငွေ စသည့် စာရင်းတို့ကို ကောက်ယူခဲ့သည်။ မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ၏ သမိုင်းကို ပြန်ကြည့်ပါက ပထမဆုံးသန်းခေါင်စာရင်းကို ဘီစီ ၅၀၀ ခန့်က တကောင်းဘုရင်မင်းဆက် သတိုးသီဟ မဟာဓမ္မရာဇာဘုရင်လက်ထက်တွင် စတင်ကောက်ယူခဲ့ကြောင်း အထောက်အထားများအရ သိရှိရသည်။

ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ပထမဆုံး လူဦးရေသန်းခေါင်စာရင်းကို မြန်မာနိုင်ငံအောက်ပိုင်းတွင် အိန္ဒိယသန်းခေါင်စာရင်း၏အစိတ်အပိုင်းတစ်ခုအဖြစ် ၁၈၇၂ ခုနှစ်က ကောက်ယူခဲ့သည်။ ထို့နောက် ၁၈၈၁ ခုနှစ်မှ စတင်၍ ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းများ ပုံမှန်ကောက်ယူခဲ့သည်။ ၁၈၉၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်လျှင်တစ်ကြိမ်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများသည် မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံအောင် ကောက်ယူနိုင်ခဲ့ပါသည်။ ဗြိတိသျှတို့ နောက်ဆုံးကောက်ယူခဲ့သော ၁၉၄၁ ခုနှစ် သန်းခေါင်စာရင်းမှာ စာရင်းပြုစုစဉ်ကာလအတွင်း ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့၍ သန်းခေါင်စာရင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများ ဆုံးရှုံးပျက်စီးခဲ့သဖြင့် စာရင်းကောက်ယူရရှိသော ခရိုင်အလိုက် ကျား၊ မ ရေ့ပြေးလူဦးရေစာရင်းကိုသာ ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပြည့်စုံသော ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၁၉၇၃ ခုနှစ် ဧပြီလတွင် ကောက်ယူနိုင်ခဲ့ပြီး ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းတွင် နိုင်ငံဧရိယာ၏ ၈၅ ဒသမ ၁ ရာခိုင်နှုန်း၊ စုစုပေါင်းလူဦးရေ၏ ၉၇ ဒသမ ၁ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ခဲ့သော်လည်း မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာများကို ထည့်သွင်းမေးမြန်းနိုင်ခြင်းမရှိခဲ့ပါ။ ထို့အတူ ၁၉၈၃ ခုနှစ်တွင်လည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ထပ်မံကောက်ယူနိုင်ခဲ့ပြီး စုစုပေါင်းလူဦးရေ၏ ၉၆ ဒသမ ၆ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ခြင်းမရှိတော့ဘဲ နှစ်ပေါင်း ၃၀ ကြာ မကောက်ယူနိုင်ခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် ဧပြီလတွင် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ကိန်းဂဏန်းအချက်အလက်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအချက်အလက်များအဖြစ် အသုံးပြုဆောင်ရွက်လျက်ရှိသည်။ သန်းခေါင်စာရင်းကို ၁၀ နှစ်လျှင်တစ်ကြိမ်ကောက်ယူရန် လျာထားခဲ့ရာ ၂၀၂၄ ခုနှစ်တွင်လည်း သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်မှ စတင်ကာ လုပ်ငန်းအဆင့်(၄)ဆင့်ဖြင့် CAPI စနစ် မိုဘိုင်းဖုန်း/ တက်ဘလက်များဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းခေါင်စာရင်း ကောက်ယူခြင်းမှ ရရှိသော အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းတွင် ထိရောက်သောဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်း၊ ရရှိသောအချက်အလက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြစ်ရာ ကျေးလက်ဒေသမှသည် တိုင်းဒေသကြီးအဆင့်အထိ မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် သန်းခေါင်စာရင်းအချက်အလက်များကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များနှင့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများနှင့် ဝန်ဆောင်မှုမြှင့်တင်ခြင်းလုပ်ငန်းများအတွက် မှန်ကန်ကောင်းမွန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ယခင်က အစိုးရဝန်ထမ်းများသာ ကောက်ယူခဲ့ရာမှ နောက်ပိုင်းတွင် အမျိုးသားရေးလှုပ်ရှားမှုကြီးတစ်ရပ်အဖြစ် ပြည်သူအားလုံး ပူးပေါင်းပါဝင်ကောက်ယူသည့်လုပ်ငန်း ဖြစ်လာသည်။

နိုင်ငံတစ်နိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိပါက အစိုးရအဆက်ဆက်တွင် အခြေခံအချက်အလက် အတိအကျမရှိခြင်းကြောင့် မူဝါဒများ ရေးဆွဲချမှတ်ခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ခြင်းများတွင် မှန်ကန်ကောင်းမွန်သော ဆုံးဖြတ်ချက်များ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ ထို့ပြင် သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်များသည် ရွေးကောက်ပွဲအတွက် လိုအပ်သည့် လက်တွေ့ပြင်ဆင်မှုများနှင့် စီမံရေးရာ ထောက်ပံ့မှုများတွင် အထောက်အကူဖြစ်သကဲ့သို့ မဲစာရင်းမှန်ကန်မှု ရှိ၊ မရှိကို အထောက်အထားအဖြစ် ခိုင်မာစွာ ပြသနိုင်မည်ဖြစ်ပါသည်။


သန်းခေါင်စာရင်းသည် ခရိုင်တစ်ခုချင်းစီတွင် မဲပေးနိုင်ခွင့်ရှိသည့် အသက်အရွယ်များ၏ အရေအတွက်ကို သိရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါအရေအတွက်သည် မဲစာရင်းတွင် ပါဝင်သည့် မဲပေးပိုင်ခွင့်ရှိသည့် လူဦးရေနှင့် ထပ်တူညီစွာရှိနိုင်မည်မဟုတ်သော်လည်း မဲစာရင်းပါ လူဦးရေအရေအတွက်သည်

စာမျက်နှာ ၁၇ သို့

❖ **နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကိုရရှိနိုင်သည့် အရေးကြီးသော အခြေခံအရင်းအမြစ်တစ်ခုဖြစ်၊ သန်းခေါင်စာရင်း၏ အဓိကအကျိုးကျေးဇူးမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ဖြစ်သည့် ကျေးလက်ဒေသများအထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်**

❂ **သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ကျန်းမာရေး၊ ပညာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အခြေခံအဆောက်အအုံနှင့် အခြားလူမှုရေးဝန်ဆောင်မှုများအတွက် အခြေခံအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်**

# အမှားတော်များ၏ အမှာတော်ပုံ စာအုပ်ထွက်ရှိ




အမှားတော်များ၏ အမှာတော်ပုံ စာအုပ်သည် ၂၀၂၂ ခုနှစ် အမျိုးသားစာပေဆု(စာပဒေသာ) ဆုရ ဆရာဝေလွင်မောင်၏ မြန်မာ့သမိုင်းစဉ် အခြေခံပြုစုထားသော စာအုပ်ကောင်း တစ်အုပ်ဖြစ်ပြီး ယခုနှစ် ဧပြီလအတွင်း ပထမ အကြိမ် ထုတ်ဝေခဲ့ကာ ဇွန်လတွင် ဒုတိယ အကြိမ် ထပ်မံထုတ်ဝေထားသည်။ မြန်မာ့ သမိုင်းစဉ်တစ်လျှောက်တွင် အမှန်တွေလည်း ရှိခဲ့သည်။ အမှားတွေလည်း ဖြစ်ခဲ့သည်။ အမှန်တွေကို အတုယူပြီး တိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ကြရန်ဖြစ်သည်။ အမှား တွေကိုမူ သင်ခန်းစာရယူ၍ နောင်တွင် ထိုကဲ့သို့ ထပ်မံမဖြစ်ကြစေရန်နှင့် နောင်မှ တသည့် နှောင်းနောင်တများ မတမိကြစေရန် ထိုစာအုပ်အမည်ကိုပင် အတည်ပြုရွေးချယ် ခဲ့ခြင်းဖြစ်သည်ဟု ဆို၏။

ယင်းစာအုပ်တွင် မြန်မာ့မြေဆိုသည်မှာ၊ မြန်မာ့သွေး မြန်မာ့သား၊ မြို့ပြနိုင်ငံများ ကာလ (ခေတ်ပြိုင်၊ မင်းပြိုင်) (၆၀၀ ဘီစီ–အေဒီ ၁၁၃၀)၊ ပထမမြန်မာနိုင်ငံတော် (အေဒီ ၁၀၇ – အေဒီ ၁၃၆၈)၊ ထီးပြိုင် နန်းပြိုင် ပဒေသရာဇ်နိုင်ငံများ (အေဒီ ၁၃၀၀–အေဒီ ၁၅၅၀)၊ ဒုတိယမြန်မာနိုင်ငံတော် (အေဒီ ၁၄၈၆ – အေဒီ ၁၅၉၉ )၊ ညောင်ရမ်းခေတ် (အေဒီ ၁၅၉၇–အေဒီ ၁၇၅၂)၊ တတိယမြန်မာ နိုင်ငံတော် (အေဒီ ၁၇၅၂ – အေဒီ ၁၈၈၅)၊ ပြည်ထောင်စုသွေး မြန်မာ့လွတ်လပ်ရေး (အေဒီ ၁၈၂၄ – အေဒီ ၁၉၄၈)၊ သမိုင်းပေး သင်ခန်းစာ၊ ပြည်ထောင်စုသွေး ထာဝရ ငြိမ်းချမ်းရေး၊ အမှားတော်များ၏ အမှာ တော်ပုံဟူ၍ အခန်းပေါင်း(၁၂)ခန်းဖြင့် ရေးဖွဲ့ တင်ပြထားသည်။ စာအုပ်၊ စာစောင်၊ စာတမ်း၊ မိန့်ခွန်းများ စုစုပေါင်း ၅၃ အုပ်အား မှီငြမ်း ကိုးကား၍ သမိုင်းအထောက်အထား ခိုင်မာ စွာ တင်ပြထားသည်။

အဆိုပါစာအုပ်သည် မြန်မာ့သမိုင်းဖြစ်စဉ် များကို သမားရိုးကျအသွင်ဖြင့် တင်ပြထား ခြင်း မဟုတ်ပါ။ သမိုင်းဖြစ်စဉ်များကို အနှစ် ချုပ်သာဖော်ပြပြီး မည်သည့်အတွက်ကြောင့် ဖြစ်ခဲ့ရသည်၊ မည်ကဲ့သို့ သင်ခန်းစာရယူသင့် သည်များကို အကြောင်းနှင့်အကျိုးဆက်စပ် သုံးသပ် ပြုစုတင်ပြထားခြင်းဖြစ်သည်။ မြန်မာဆိုသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ အားလုံးအတွက် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက် ရေး၊ သွေးစည်းညီညွတ်ရေးနှင့် ထာဝရ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြု စေမည့် စာအုပ်ဖြစ်သည်။ မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ မြင်ကွင်းများနှင့် နှိုင်းယှဉ် လေ့လာသင်ခန်းစာ ရယူနိုင်မည်ဖြစ် သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို များသည် ဤသမိုင်းပေးသင်ခန်းစာများကို မမှတ်၊ မနာ၊ မကျင့်၊ မကြံ၊ ပြည်ထောင်စု စိတ်ဓာတ်လည်း မရှိပြန်ဆိုပါလျှင် ရာဇဝင် ဆိုသည်မှာ တစ်ပတ်မက အကြိမ်ကြိမ် အခါခါလည်နေပါဦးမည်ဟု စာရေးသူက အမှာတော်ပုံပြု တင်ပြထားသည်။ မျိုးချစ် စိတ်ရှိသူ မြန်မာနိုင်ငံသားတိုင်း ဖတ်ရှု လေ့လာရမည့်စာအုပ်၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများနှင့် စာကြည့်တိုက် များတွင် မဖြစ်မနေထားရှိလေ့လာရမည့် စာအုပ် ဖြစ်သည်။

ဤစာအုပ်ကို မြဝတီစာပေတိုက်မှ ထုတ် ဝေပြီး အမှာတော်ပုံစာပေ ၀၉–၉၄၅၄၅၀၀၅၅၊ မွန်မြတ်သူစာပေ ၀၉–၂၅၇၃၇၈၄၉၅၊ ဆန်းရှိုင်းစာပေ ၀၉–၅၀၈၉၄၆၅၊ ရန်အောင် (၂) စာပေ ၀၉–၅၁၉၅၆၂၉၊ ရာပြည့်စာအုပ် ဆိုင်၊ အင်းဝစာအုပ်ဆိုင်များနှင့် နေပြည်တော် စာအုပ်ဆိုင်များတွင် တန်ဖိုးကျပ် ၉၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ **မြန်မာ့အလင်း**

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီစိုက်ပျိုးသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျွန်းလှ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ရာသီအလိုက် ပဲမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးရာသီစိုက်ပျိုးသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရ သည်။

“ဒီနှစ် မိုးရာသီမှာ ပဲစင်းငုံ သုံးဧကကို မြေပဲနဲ့ သီးညှပ်စိုက်ပျိုး ထားပါတယ်။ အရင်နှစ်က ပဲစင်းငုံ ဈေးကောင်းတော့ တောင်သူတွေ သီးသန့် စိုက်ပျိုးကြပါတယ်။ အခုအခါ နောက်မိုးရွာတဲ့အတွက် ပဲစင်းငုံ စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်”ဟု မန်ကျည်းအင်းကျေးရွာ ပဲစင်းငုံသီးနှံစိုက်တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအား ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်း ကောင်း မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်း စနစ်မှန်ကန်ရေး နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး တို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုး ရန် ၁၆၉၅၃ ဧက လျာထားပြီး လက်ရှိအချိန်အထိ ပဲစင်းငုံ ၁၁၅၃၅ ဧကနှင့် ပဲတီစိမ်း ၅၄၁၅ ဧက စုစုပေါင်းဧက ၁၆၉၅၀ (၉၉ ဒသမ ၉၈) ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်း လက်မှတ်ပေးအပ်

ရွှေဘို ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ အသက်သုံးနှစ်မှ ငါးနှစ် ရေးဦး အရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၉ ရက်က ခရိုင်လူမှုဝန်ထမ်း ဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရွှေဘိုခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ် ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိ သူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် နှင့် ထူးချွန်သင်တန်းသူတစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အမှန်ဖြစ်နိုင်ခြေ ရှိ၊ မရှိ ဆိုသည်ကို ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။ ရွေးကောက်ပွဲများတွင် မသမာမှု မဖြစ် အောင် ကာကွယ်နိုင်သည့်အပြင် ဖြစ်ခဲ့ပါကလည်း ခိုင်လုံသည့်အထောက်အထားဖြင့် ထောက်ပြနိုင် မည်ဖြစ်ပါသည်။ ထို့ပြင် သန်းခေါင်စာရင်းသည် ရွေးကောက်ပွဲကော်မရှင်များနှင့် နိုင်ငံရေးပါတီ များအတွက် ခရိုင်အလိုက် မဲပေးခွင့်အသက် အရွယ်ရှိ လူဦးရေစာရင်းကို ခန့်မှန်းရရှိနိုင်မည်ဖြစ် ပါသည်။ သို့မှသာ မဲဆန္ဒနယ်တစ်ခုချင်းစီတွင် လိုအပ်သည့် မဲရုံအရေအတွက်၊ မဲလာပေးသည့် နေ့တွင် လာရောက်မည့်လူဦးရေအတွက် လိုအပ် သည့် အဆောက်အအုံနေရာများ စီမံဆောင်ရွက် ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ် ပါသည်။

### လူဦးရေအသွင်ပြောင်းလဲမှု

သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် နိုင်ငံတွင်း ရှိ လူဦးရေ၏ အသွင်ပြောင်းလဲမှုကို သိရှိလာနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် အရေးကြီးသောလူဦးရေ အသွင်ပြောင်းလဲမှုပုံစံများ ရှိနေကြောင်းကို ယခင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများအရ သိရှိရပါသည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင် စာရင်း အချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေသည် လူငယ်များစွာ ပါဝင်သည့်အတွက် လူဦးရေသည် ပိရမစ်ပုံစံအောက်ခြေကားသည့် ပုံစံ အဖြစ် တွေ့ရှိရပြီး ၂၀၁၄ ခုနှစ် လူဦးရေပိရမစ်သည် အိုးပုံစံဖြစ်သဖြင့် နှစ် ၄၀ ကာလအတွင်း မြန်မာနိုင်ငံ ၏ လူဦးရေ ဖွဲ့စည်းမှုပုံစံ သိသာစွာပြောင်းလဲခဲ့သည် ကို သန်းခေါင်စာရင်းအချက်အလက်များအရ သိရှိခဲ့ ရပါသည်။ လူဦးရေပိရမစ်အရ မြန်မာနိုင်ငံတွင် မွေးဖွားနှုန်းကျဆင်းနေခြင်း၊ အလုပ်လုပ်နိုင်သည့် အသက်အပိုင်းအခြား လူဦးရေများပြားနေခြင်း ကြောင့် လူဦးရေဆုလာဘ်ကို ရရှိနေကြောင်း သိရှိရ ပါသည်။ အလုပ်လုပ်နိုင်သောဦးရေ များပြားနေခြင်း သည် နိုင်ငံအတွက် အလားအလာကောင်းများ ဖြစ်ပေါ်နေသည်ဟု ဆိုရမည်ဖြစ်ပြီး ယင်းအကျိုး ကျေးဇူးမှာ နောင်နှစ်ပေါင်း ၂၀ ခန့်အထိ ဆက်လက် အကျိုးခံစားရမည်ဟု လေ့လာသိရှိရပါသည်။ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိသော အချက်အလက်များကြောင့် နိုင်ငံတွင်း သက်ကြီး ရွယ်အိုများပြားလာပြီး သက်ကြီးရွယ်အို စောင့် ရှောက်မှုလုပ်ငန်းများကို အလေးထားလုပ်ဆောင် ခြင်း၊ အလုပ်လုပ်နိုင်သည့်လူငယ်များ တိုးပွားစေရန် မွေးဖွားမှုနှုန်း မြင့်တက်အောင် ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်မှ မူဝါဒများ၊ စီမံကိန်းများဖြင့် ချမှတ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှု

သန်းခေါင်စာရင်းကောက်ယူခြင်းသည် အမျိုး သားရေး လှုပ်ရှားမှုကြီးဖြစ်သဖြင့် နိုင်ငံတော် အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မှန်ကန်သည့် အချက်အလက်များရရှိကာ နိုင်ငံဖွံ့ဖြိုးတိုးတက် ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် မိမိတို့ဆီသို့ စာရင်းကောက်များ မေးမြန်းသည့် မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေဆိုပေးရန် လိုအပ်ပါသည်။ လူတစ်ယောက်သည် သန်းခေါင်စာရင်း ကောက်ယူ သည့် ညသန်းခေါင်တွင် ရှိနေသည့်နေရာတွင် စာရင်းဝင်မည်ဖြစ်သဖြင့် သန်းခေါင်စာရင်း ကောက်ယူချိန်တွင် မိမိသည် ဇာတိ/နေထိုင်ရာ မြို့ရွာတွင်မရှိဘဲ အခြားမြို့ရွာသို့ ရောက်ရှိနေပါက ရောက်ရှိနေသည့်မြို့ရွာတွင် လာရောက်ကောက်ယူ သည့် စာရင်းကောက်၏မေးမြန်းမှုကို ဖြေဆို ပေးရမည်ဖြစ်ပါသည်။ မိမိဇာတိ / နေထိုင်ရာ အရပ်ရှိ မိသားစုများကလည်း သန်းခေါင်စာရင်း လာရောက်ကောက်ယူချိန်တွင် နေအိမ်တွင်မရှိသည့် အိမ်သားများအတွက် ဖြေဆိုပေးရန် မလိုအပ်ဘဲ နေအိမ်တွင် ရှိနေသည့်လူများ၏ အချက်အလက် များကိုသာ မှန်ကန်စွာ ဖြေဆိုပေးရမည်ဖြစ် ပါသည်။

သန်းခေါင်စာရင်းကောက်ယူချိန်တွင် စာရင်း ကောက်များသည် မေးခွန်း ၄၀ ခန့်ကို မေးမြန်းလေ့ ရှိပါသည်။ ထိုသို့မေးမြန်းရာတွင် တစ်ဦးချင်းစီ၏ ဖြေဆိုမှုများအပေါ် မူတည်၍ ထပ်ဆင့်မေးခွန်းများ မေးမြန်းခြင်းကို ဆောင်ရွက်ရသဖြင့် တချို့သူများ မှာ မေးခွန်းအားလုံးနီးပါး ဖြေဆိုရသော်လည်း တချို့သူများမှာမူ မေးခွန်းလျော့နည်းသွားတတ် သဖြင့် မေးခွန်းအနည်း/အများ ကွာခြားတတ်သည် ကို ပြည်သူများသိရှိနားလည်ရန် လိုအပ်မည်ဖြစ် ပါသည်။ ထို့ပြင် မသန်စွမ်းသူများရှိပါကလည်း မှန်ကန်သည့်အချက်အလက်များကို ဖြေဆိုပေးရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ မသန်စွမ်းသူများ အတွက် ကူညီစောင့်ရှောက်နိုင်မည့် လူမှုရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ထို့အတူ သေဆုံးသူများရှိ/မရှိ မေးမြန်း ရခြင်းသည် အိမ်ထောင်စုတစ်ခုချင်း၏ သေဆုံးမှုကို သိခြင်းဖြင့် ဒေသအသီးသီးနှင့် တစ်နိုင်ငံလုံးတွင် သေဆုံးမှုနှုန်းမည်မျှရှိသည်ကို သိရှိပြီး မွေးဖွားမှုနှုန်း နှင့် သေဆုံးမှုနှုန်းကို နှိုင်းယှဉ်တွက်ချက်ကာ လူဦးရေ ပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုကို သိရှိနိုင်မည် ဖြစ်ပါသည်။

အနှစ်သာရအားဖြင့် လူဦးရေနှင့်အိမ်အကြောင်း အရာ သန်းခေါင်စာရင်းသည် အမျိုးသားအဆင့် စာရင်းအင်းစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါသည်။ သန်းခေါင် စာရင်းသည် ပြောင်းလဲလာသော လူဦးရေနှင့်အချက် အလက်များ ရရှိမှုအပေါ်မူတည်၍ အစိုးရမှ မတူ ကွဲပြားသောလူဦးရေ၏ သီးခြားလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့်အပြင် လိုအပ်ချက် များနှင့်ကိုက်ညီသည့် စီမံကိန်းများကို ကျေးလက် ဒေသမှသည် မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး အထိ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် သန်းခေါင်စာရင်း ကောက်ယူ ခြင်းလုပ်ငန်းစဉ်တွင် ပြည်သူတစ်ဦးချင်းစီ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုသည် မိမိတို့နိုင်ငံ၏ စစ်မှန်သော လူဦးရေနှင့်အိမ်အကြောင်းအရာများ ကိုရရှိပြီး ယုံကြည်စိတ်ချရသောအချက်အလက်များ ကိုဖန်တီးရန် အထောက်အကူဖြစ်စေပါသည်။ သန်းခေါင်စာရင်းကောက်ယူခြင်းတွင် ပြည်သူများ ၏ ပူးပေါင်းပါဝင်မှုသည် ပြည်သူတစ်ဦး၏ အမျိုးသားရေးတာဝန်အဖြစ်သာမက နိုင်ငံ၏ အနာဂတ်ကိုပုံဖော်မည့် အခြေခံအုတ်မြစ်ဖြစ်သဖြင့် “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြပါစို့”ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါ သည်။ ။

# မြန်မာနိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ်ဥယျာဉ်များ (သို့မဟုတ်) အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများတည်ရှိရာနယ်မြေများ



နတ်မတောင်ဒေသရှိ မြန်မာဒေသရင်း မျက်ခုံးဖြူငှက်ပြာခြောက်

»»»» သီဟစည်သူ

*(ဩဂုတ် ၅ ရက်မှအဆက်)*

**(၇) မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၁၅ ခုနှစ်တွင် မိန်းမလှကျွန်း ထင်းကြိုးဝိုင်းအဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် မိန်းမလှကျွန်း(တိုးချဲ့) ကြိုးဝိုင်းအဖြစ် လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် လည်းကောင်း သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်နှင့် ၂၀၁၇ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ အဆိုပါဘေးမဲ့တောသည် ၃၃၇၇၉ ဧက အကျယ်အဝန်းရှိပြီး နို့တိုက်သတ္တဝါ ၁၈ မျိုး၊ ငှက် ၁၉၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၃၈ မျိုး၊ ငါး ၁၁၀၊ ကဏန်း ခြောက်မျိုး၊ ပုစွန် ၁၄ မျိုး၊ လိပ်ပြာ ၃၅ မျိုး၊ ဒီရေတောသစ်မျိုး ၂၉ မျိုး၊ သစ်ခွ ခြောက်မျိုး တည်ရှိပြီး ဒီရေတောအတွင်း ဒေသခံများ၏ မိရိုးဖလာ ငါးဖမ်းနေမှုများ၊ ငှက်၊ ဧရာဝတီလင်းပိုင်၊ ပင်လယ်လိပ်များ၏ နေထိုင်ကျက်စားမှုများကို လေ့လာနိုင်မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာနမှ သိရသည်။

ယင်းဘေးမဲ့တောသည် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၂ ရွာမှ အိမ်ထောင်စု ၈၀၀၀ ကျော်၏ စားဝတ်နေရေးအတွက် မှီခိုရာလည်းဖြစ်သည့်အပြင် မိန်းမလှကျွန်းဒီရေတောများသည် သဘာဝ ဘေးအန္တရာယ်များ၏ဒဏ်မှ တံတိုင်းသဖွယ် အကာအကွယ်ပေးလျက်ရှိသည်။



မြန်မာတစ်ငှက်

**(၈) နတ်မတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်**

နတ်မတောင် အမျိုးသားဥယျာဉ်သည် အပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝသော အမျိုးသားဥယျာဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ် ဝိတိုရိယတောင်နှင့် တိုင်းရင်းသားတို့၏ ရိုးရာလုပ်ငန်းများ တည်ရှိသည့်အပြင် တောင်ဇလပ်ပန်းများ ပွင့်လန်းရာ အာဆီယံအမွေအနှစ်ဥယျာဉ် တစ်ခုလည်းဖြစ်သည်။

နတ်မတောင် အမျိုးသားဥယျာဉ်သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရန်ရည်ရွယ်ကာ ၁၉၃၆ ခုနှစ်မှစ၍ သစ်တောဥပဒေအရ ဥတုထိန်းကြိုးဝိုင်းအဖြစ် ဖွဲ့စည်းကာကွယ်ထိန်းသိမ်းခဲ့သည်။ ၁၉၉၅ ခုနှစ်မှစ၍ ကန်ပက်လက်မြို့၌ အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်ပြီး အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၀/၉၇) ဖြင့် အမျိုးသားဥယျာဉ်အဖြစ် ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ကြောင်း ကြေညာခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် (၁၆၄/၂၀၁၀)ဖြင့် နတ်မတောင်အမျိုးသားဥယျာဉ်အဖြစ် အတည်ပြုခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။

နတ်မတောင် အမျိုးသားဥယျာဉ်သည် ကန်ပက်လက်၊ မတူပီနှင့် မင်းတပ်မြို့နယ်တို့အတွင်း တည်ရှိပြီး ကန်ပက်လက်မြို့နယ်၌ ၂၉၄၉၅ ဧက၊ မင်းတပ်မြို့နယ်၌ ၃၃၃၉၀၇ ဧကနှင့် မတူပီမြို့နယ်၌ ဧက ၁၂၀၀၀ ကျယ်ဝန်းသည်။ အာဆီယံအမွေ အနှစ်ဥယျာဉ်အဖြစ် တိုးမြှင့် သတ်မှတ်ခဲ့သော ရည်ရွယ်ချက်မှာ တောင်ပေါ်ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ နေရင်းဒေသများကို ထိန်းသိမ်းကာကွယ်ရန်၊ နိုင်ငံ၏အရေးကြီးသောရေဝေရေလဲဒေသကို ထိန်းသိမ်းကာကွယ်ရန်၊ ဒေသခံပြည်သူများအား ထိန်းသိမ်းရေးဆိုင်ရာ သိမြင်နိုးကြားမှုမြှင့်တင်ရန်၊ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိခြင်းဖြင့် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်သည်။

နတ်မတောင် အမျိုးသားဥယျာဉ်၌သာ တွေ့ရှိရသော ဒေသရင်းအပင်မျိုးစိတ်လေးမျိုးဖြစ်သည့် တောင်ဇလပ်ဝါ၊ တောင်ဇလပ်ဖြူ၊ မြေကပ်ပန်းနှင့် ပိုတင်တီလာမြေကပ်ပန်းပင်တို့သည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပန်းမျိုးစိတ်များဖြစ်သည်။ ဆတ်၊ တောဝက်၊ ခွေးအ၊ ကျားသစ်၊ အင်းကျား၊ သစ်ကြောင်၊ ကြောင်ကတိုး၊ ဝံကြောင်နှင့် သင်းခွေချပ်စသည့် နို့တိုက်သတ္တဝါများ၊ တောရိုင်းတိရစ္ဆာန်များ နေထိုင်လျက်ရှိပြီး နို့တိုက်သတ္တဝါ ၃၅ မျိုး၊ အင်းဆက်မျိုးစိတ် ၁၅၅ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၁၀၆ မျိုး၊ ငှက်မျိုးစိတ် ၃၄၅ မျိုး၊ လိပ်ပြာမျိုးစိတ် ၇၇ မျိုး၊ အပင်မျိုးစိတ် ၉၁၄ မျိုး၊ သစ်ခွမျိုးစိတ် ၂၀၂ မျိုးနှင့် ဆေးဖက်ဝင် အပင်မျိုးစိတ် ၁၀၈ မျိုး ရှင်သန်ပေါက်ပွားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ငှက်ပြာခြောက်မျိုးစိတ် ခုနစ်မျိုးရှိရာ ယင်းတို့အနက်မှ မျက်ခုံးဖြူငှက်ပြာခြောက်နှင့် မြန်မာတစ်ငှက်တို့သည် ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင်ဒေသ၌သာ နေထိုင်ကျက်စားသည့် မြန်မာ့ဒေသရင်း (Endemic) ငှက်မျိုးစိတ်များဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါလှသည့် နေရာတစ်ခု ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*



တောင်ဇလပ်ပန်းတို့ပွင့်ရာ နတ်မတောင်အမျိုးသားဥယျာဉ်။

# ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များ အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုဒ် | နိုက်ထရိုဂျင်ဒိုင် အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မို နောက် ဆိုဒ် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | |
| ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | ကောင်းမွန် | | ကောင်းမွန် |
| ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | လက်ခံနိုင်သော |
| ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၅ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၆ | လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင် | ကောင်းမွန် | | | | |
| ၂ | အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ပုသိမ်ကြီးမြို့ | ကောင်းမွန် | | | ကောင်းမွန် | ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင် | |
| ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၂ | ကသာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ဟုမ္မလင်းမြို့ | ကောင်းမွန် | | | | | |
| ၄ | လဟယ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁ | ထားဝယ်မြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | |
| ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကရင်ပြည်နယ် | | | | | | |
| ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၉ | မွန်ပြည်နယ် | | | | | | |
| ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ရှမ်းပြည်နယ် | | | | | | |
| ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | | | | | |
| ၃ | တာချီလိတ်မြို့ | ကောင်းမွန် | | | | | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သော အဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေ နှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ရေနံချောင်းမြို့နယ်၌ ဝါကေနစ်ထောင်ကျော် လျှာထားစိုက်ပျိုးသွားမည်



**ရေနံချောင်း ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ၂၀၂၄–၂၀၂၅ ခုနှစ် မိုးရာသီတွင် ဝါကေနစ်ထောင်ကျော် လျှာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စက်မှုသီးနှံဝါကို ရေနံချောင်းမြို့နယ် ကျေးရွာများတွင် အဓိက စိုက်ပျိုးကြပြီး ယခင်နှစ်တွင် ဝါစိုက်တောင်သူများအတွက် ဝါဈေးကွက်မှာ ဈေးကောင်းရရှိခဲ့၍ တွက်ခြေကိုက်ခဲ့ကြသည်။

ယခင်နှစ် ဝါစိုက်ဧက ၁၇၈၂ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်း ၅၆၄ ဒသမ ၅၅ ပိဿာ ထွက်ရှိခဲ့ကြောင်း၊ ၂၀၂၄–၂၀၂၅ ခုနှစ် မိုးသီးနှံဝါဧက ၂၄၂၀ လျှာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆန်းညွှန့်
(ရေနံချောင်း)

# ကွန်မြူနတီဒိုင်းလုပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်၌ မန်ယူကို မန်စီးတီးအသင်း အနိုင်ရ



ကွန်မြူနတီဒိုင်းလုပွဲတွင် မန်စီးတီးနှင့် မန်ယူအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲကို ဩဂုတ် ၁၀ ရက် ည ၈ နာရီခွဲက လန်ဒန်ရှိ ဝင်ဘလေအားကစားကွင်း၌ မန်စီးတီးနှင့် မန်ယူအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်း ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်ယူအသင်းသည် ဒဏ်ရာကြောင့် အဓိက တိုက်စစ်ကစားသမား ဟွိုက်လန်းပါဝင်လာနိုင်ခြင်း မရှိသော်လည်း ဖာနန်ဒက်စ်၊ ရက်ဖို့ဒ်၊ အာမက်၊ မိုင်နူး၊ ကက်စမဲရိုးစသည့် အဓိက ကစားသမားအများစုဖြင့် မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ ပြိုင်ဘက် မန်စီးတီးအသင်းက ဟာလန်း၊ ဒိုကူ၊ ဘော့ဘ်တို့ ဦးဆောင်ကာ မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။

ပထမပိုင်းပွဲချိန်တွင် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများ ပြုလုပ်လာနိုင်သော်လည်း ဂိုးသွင်းယူထားနိုင်ခြင်း မရှိချေ။

သွင်းဂိုးရရှိရေး အတွက် ဒုတိယပိုင်းတွင် နှစ်သင်း စလုံး လူစားလဲမှုများ ပြုလုပ်လာသော်လည်း ပွဲချိန် မိနစ် ၈၀ အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ ဂါနာချိုက မန်ယူအသင်းအတွက် ဦးဆောင်ဂိုး ရယူနိုင်ခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် မန်စီးတီးအသင်းမှ ဆေးဗားလ်က ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့ကြောင့် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။

ပယ်နယ်တီ အဆုံးအဖြတ်တွင် မန်စီးတီးအသင်းက ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိပြီး ကွန်မြူနတီဒိုင်းကို (၇) ကြိမ်မြောက် ရယူနိုင်ခဲ့သည်။



## ဘရိုက်တန်ကစားသမား ဖာကွန်ဒိုကို လက်စတာ ခေါ်ယူ

လက်စတာအသင်းသည် ဘရိုက်တန်အသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား ဖာကွန်ဒို ဗျူနာနေ့ဗ်တီကို တစ်ရာသီအငှားဖြင့် ခေါ်ယူစာချုပ်လိုက်ကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် အာဂျင်တီးနားကစားသမားသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် လက်စတာအသင်း၏ ငါးဦးမြောက် ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။ ၎င်းသည် ယမန်နှစ် ဇန်နဝါရီတွင် အာဂျင်တီးနားကလပ် ရီဆာရီယို ဆန်ထရယ်ကလပ်မှ ဘရိုက်တန်သို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

၎င်းသည်ဘရိုက်တန်အသင်းအတွက် ပွဲ ၅၀ ပါဝင်ကစားထားပြီး ငါးဂိုးသွင်းယူပေးထားသည်။ ဖာကွန်ဒိုသည် ၂၀၂၈ ခုနှစ်အထိရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ်တစ်ရပ်ကိုလည်း ဘရိုက်တန်အသင်းနှင့် ချုပ်ဆိုထားသည်။

လက်စတာအသင်းအတွက် ၎င်း၏ ပရီမီယာလိဂ်ပွဲဦးထွက်ပွဲစဉ်ကို ဩဂုတ် ၁၉ ရက်၌ စပါးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားသွားဖွယ်ရှိနေသည်။



## တိုက်စစ်ကစားသမား ဆိုလန်ကီကို စပါးအသင်း ခေါ်ယူ

စပါးအသင်းသည်ဘုန်းမောက်အသင်းမှအင်္ဂလန်တိုက်စစ်ကစားသမား ဒိုမီနစ် ဆိုလန်ကီကို ပေါင် ၆၅ သန်း ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

စပါးအသင်းသည် အသက် ၂၆ နှစ်အရွယ် တိုက်စစ်ကစားသမား ဆိုလန်ကီ၏ အပြောင်းအရွှေ့အတွက် ကနဦး ပေါင် ၅၅ သန်းပေးချေရမည်ဖြစ်ပြီး အပိုဆုကြေးအဖြစ် နောက်ထပ် ပေါင် ၁၀ သန်းပေးချေရမည် ဖြစ်သည်။ ၎င်းသည် စပါးအသင်းနှင့် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဆိုလန်ကီသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် စပါးအသင်း၏ လေးဦးမြောက် ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။ စပါးအသင်းနည်းပြ ပို့စတီကိုလူသည် ပြီးခဲ့သည့် နွေရာသီတွင် အသင်းမှ အဓိက တိုက်စစ်ကစားသမား ဟာရီကိန်း ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားပြီးနောက် အသင်း၏ တိုက်စစ်ပိုင်းကို ဖြည့်တင်းရန် လုပ်ဆောင်နေခြင်းဖြစ်သည်။ ဆိုလန်ကီသည် ၂၀၁၉ ခုနှစ်တွင် ပေါင် ၁၉ သန်းဖြင့် လီဗာပူး အသင်းမှ ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ဆိုလန်ကီသည် ပြီးခဲ့သည့်ရာသီတွင် ၄၂ ပွဲကစားပြီး သွင်းဂိုး ၂၁ ဂိုးအထိ ရယူထားနိုင်သည့်အတွက် ၎င်း၏ အကောင်းဆုံးရာသီတစ်ခုဖြစ်ခဲ့သည်။

## တိုက်စစ်ကစားသမား အိုလ်မိုကို ဘာစီလိုနာအသင်း ခေါ်ယူ



ဘာစီလိုနာအသင်းသည် လိုက်ပ်ဇစ်အသင်းမှ စပိန်ကစားသမား ဒန်နီအိုလ်မိုကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အိုလ်မို (၂၆နှစ်) သည် ပေါင် ၅၁ သန်းဖြင့် ဘာစီလိုနာသို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် ဘာစီလိုနာအသင်းနှင့် ခြောက်နှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး စာချုပ်လျော်ကြေး ပေါင် ၄၂၉ သန်းကို ထည့်သွင်းချုပ်ဆိုထားသည်။ ၎င်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် သွင်းဂိုးသုံးဂိုးသွင်းကာ ပူးတွဲသွင်းဂိုး အများဆုံးကစားသမားဖြစ်ခဲ့ပြီး စပိန် အသင်းကိုလည်း စံချိန်တင် လေးကြိမ်မြောက် ဖလားဆွတ်ခူးရရှိရန် ကူညီပေးထားနိုင်သည်။

## ပါရီအိုလံပစ် ၂၀၂၄ ပြိုင်ပွဲ ထိပ်ဆုံး ၁၀ နိုင်ငံ၏ ဆုတံဆိပ်ရရှိမှု

ဩဂုတ် ၁၀ ရက် ည ၉ နာရီ ၅၉ မိနစ်အထိ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | တရုတ် | ၃၆ | ၂၇ | ၂၃ | ၈၆ |
| ၂ | အမေရိကန် | ၃၃ | ၄၁ | ၃၉ | ၁၁၃ |
| ၃ | ဩစတြေးလျ | ၁၈ | ၁၇ | ၁၄ | ၄၉ |
| ၄ | ဂျပန် | ၁၆ | ၉ | ၁၃ | ၃၈ |
| ၅ | ပြင်သစ် | ၁၅ | ၂၁ | ၂၂ | ၅၈ |
| ၆ | ဗြိတိန် | ၁၄ | ၂၀ | ၂၄ | ၅၈ |
| ၇ | တောင်ကိုရီးယား | ၁၃ | ၈ | ၈ | ၂၉ |
| ၈ | နယ်သာလန် | ၁၃ | ၆ | ၁၁ | ၃၀ |
| ၉ | ဂျာမနီ | ၁၂ | ၉ | ၈ | ၂၉ |
| ၁၀ | အီတလီ | ၁၁ | ၁၂ | ၁၄ | ၃၇ |

## ဘိုင်ယန်မြူးနစ်မှ ဒီလစ်နှင့် မက်ရာအိုရီတို့ကို ခေါ်ယူရန် မန်ယူ နီးစပ်နေ



မန်ယူအသင်းသည် ဂျာမန်နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်း ကစားသမား နှစ်ဦးဖြစ်သည့် ဒီလစ်နှင့် မက်ရာအိုရီကို ပေါင်သန်း ၆၀ ဝန်းကျင်ဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဒီလစ်အတွက် မန်ယူအသင်း၏ အပိုဆုကြေး ပေါင် ၄ ဒသမ ၃ သန်းအပြင် ပေါင် ၃၈ ဒသမ ၆ သန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံဖွယ်ရှိနေသည်။ ထို့အပြင် မန်ယူအသင်းသည် အသက် (၂၆နှစ်)အရွယ် မော်ရိုကို ခံစစ်ကစားသမား မက်ရာအိုရီအတွက်လည်း ပေါင် ၁၂ ဒသမ ၉ သန်းဖြင့် ကမ်းလှမ်းသွားဖွယ်ရှိနေသည်။ မန်ယူအသင်းသည် ဗဟိုခံစစ်ကစားသမားနှင့် ညာခံစစ်ကစားသမား တစ်ဦးကို ခေါ်ယူရန် ပစ်မှတ်ထား လုပ်ဆောင်လျက်ရှိသည်။



## ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် ဘော်လ်တာ ကနေဒါအိုးပင်းပြိုင်ပွဲမှ ထွက်ရပြီ

ကနေဒါအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် ကေတီဘော်လ်တာသည် ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာ ဆဘယ်လင်ကာကို ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာရပြီ ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဘော်လ်တာသည် ပြိုင်ဘက်ကို ၆-၃၊ ၆-၃ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။ ၎င်းသည် ကနေဒါအိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် နာမည်ကြီး ဘရာဇီးတင်းနစ်မယ် ဟာဒက် မာရီယာနှင့် တွေ့ဆုံခဲ့ရာ ပြိုင်ဘက်မှာ ဒဏ်ရာရရှိခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့သည့်အတွက် ၁၆ ဦးအဆင့်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ဆဘယ်လင်ကာသည် ပြိုင်ဘက် ဘော်လ်တာကို အနိုင်ယူရန် အချိန် ၁ နာရီနှင့် ၂၃ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဘော်လ်တာနှင့်အတူ အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်၊ ဘယ်လာရုစ်တင်းနစ်မယ် ဗစ်တိုးရီးယား အဇာရင်ကာ၊ ဘယ်လ်ဂျီယံတင်းနစ်မယ် အီလစ်မာတင်တို့လည်း ပြိုင်ဘက်ကို အသီးသီး ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

**မိုးဇက် - စုစည်းသည်**

# အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ဆင်များရှင်သာသနာ့ ရိပ်သာမှ ဆရာတော်၊ သံဃာတော်များနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။**(ယာပုံ)**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၆ ပါးနှင့် ဒေသခံပြည်သူ ၆၄ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေတောင်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဆောင်ရွက်

**ရွှေတောင် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်သည်။**(ဝဲပုံ)**



မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များကို အာဟာရပစ္စည်းများနှင့် ဗီတာမင်ဆေးဝါးများပေးဝေခြင်း၊ အသက် ( ၅) နှစ်အောက် ကလေးများကို သက်တမ်းအလိုက် ဗီတာမင်အေနှင့် သံချဆေးများ တိုက်ကျွေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့တို့နှင့်အတူ ပူးပေါင်းပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ရေမြုပ်ဒဏ်ခံနိုင်သည့် စပါးမျိုးများရွေးချယ် စိုက်ပျိုးနိုင်ရေး အသိပညာပေးဆွေးနွေး

**လယ်ဝေး ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းသည် ယမန်နေ့က လယ်ဝေးမြို့နယ် အေလာကျေးရွာအုပ်စု မြို့ရှောင်လမ်းဘေး ရွာသစ်ကျေးရွာအနီးတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံများ မှန်ကန်စွာ ရွေးချယ်နိုင်ရေး အသိပညာပေးဆွေးနွေးသည်။

ထို့နောက် အေလာကျေးရွာအုပ်စု ရွာသစ်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ မိုးများသည့်ဒဏ်ခံနိုင်ရေးအတွက် စိုက်ပျိုးချိန်ပြောင်းလဲခြင်း၊ ရေမြုပ်သည့်ဒဏ်ခံနိုင်သည့် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း စသည်တို့ဖြင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့၏ မျိုးသန့်ပွားစိုက်ပျိုးခြင်း အစီအစဉ်တွင် တောင်သူများ ကိုယ်တိုင်ပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ပန်ဆောင်မြို့၌ တရားမဝင်တင်သွင်းထားသောဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

**ပန်ဆောင် ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့ မြို့မစည်ပင်သာယာဈေးအတွင်း ရောင်းချနေသော ဆေးဆိုင်များတွင် တရားမဝင်တင်သွင်းထားသော ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့မစည်ပင်သာယာဈေးအတွင်းရှိ ဆေးဆိုင်များ၌ ဆေးဝါးမှတ်ပုံတင်ရရှိပြီးသော ပူးတွဲပါဆေးဝါးနှင့် ပုံစံတူ တုပရောင်းချနေသော မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိသည့် တရားမဝင် တင်သွင်းထားသော ဆေးဝါးများကို ဈေးကွက်အတွင်း ရောင်းချခြင်းမပြုရန်၊ တားမြစ်ထားသော ဆေးဝါးများကို ရောင်းချမှုမရှိစေရန် လိုက်လံစစ်ဆေးခြင်းဖြစ်ပြီး အဆိုပါဆေးများကို ရောင်းချခြင်းမပြုရန်လည်း မြို့နယ်ကျန်းမာရေးတာဝန်ခံက ဆိုင်ရှင်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဂျာယော်(ပန်ဆောင်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၇၃လက်မ၊ ငပုတောမြို့တွင် ၀ ဒသမ ၈၈ လက်မ၊ ချောင်းဆုံမြို့တွင် ၀ ဒသမ ၆၃လက်မ၊ ဝါးခယ်မမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၀ ဒသမ ၅၉လက်မစီ၊ မုဒုံမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီ၊ ပိုင်ကျုံမြို့နှင့် ပေါင်မြို့တို့တွင် ၀ ဒသမ ၅၀ လက်မစီ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၀ ဒသမ ၄၈ လက်မ၊ ပြည်မြို့နှင့်ကျိုက်မရောမြို့တို့တွင် ၀ ဒသမ ၄၆ လက်မစီနှင့် လပွတ္တာမြို့တွင် ၀ ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “မိုနာလီဇာ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၄) ရပ်ကွက်နေ ကိုကိုလှိုင်အား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Ye Kyaw Thu Hlaing (Ye Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁)ရပ်ကွက်နေ ရဲကျော်သူလှိုင်အား မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “Zaw Min” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ညောင်ပင်စောင့်ကျေးရွာနေ ချစ်ကိုအား ည ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၇၇၂၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထွေး ၁၀/မဒန(နိုင်)၀၂၄၉၇၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

## အလိမ္မာ စာမှာရှိ

## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ ရန်ကုန်တွင်အခြေချနေထိုင်ပြီး စီးပွားရေးလုပ်ကိုင်လိုသူများအတွက် သုဝဏ္ဏလမ်းမတန်း၊ မျက်နှာစာ(၇၀')၊ ရှေ့နောက်(၉၀')၊ (၄၅' x ၅၀') 2RC တိုက်(၁)လုံး၊ (၁၂' x ၂၅') နှစ်ထပ်တိုက်(၁)လုံး၊ Master bedroom(၃)ခန်း၊ Single bedroom (၅)ခန်း၊ ရုံးခန်းဖွင့်လိုသူများ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ Bank Transfer တစ်ဝက်၊ ငွေသားတစ်ဝက်ရသည်။

ကျပ်သိန်း (32,000)

၂။ နေပြည်တော်တွင် အခြေချနေထိုင်လိုသူများ၊ ခြံကျယ်ကျယ်နှင့် မိသားစုများ နေထိုင်ရန်အတွက် နေရာကောင်း၊ ဒက္ခိဏသီရိမြို့နယ်(၈၀' x ၈၀')အုတ်တံတိုင်းခတ်ပြီး၊ (၂)ထပ်တိုက်(၁)လုံး၊ ရေမီးပါ၊ ဂရန်မြေ၊ သီးပင်စားပင်များလည်းပါသည်။

ကျပ်သိန်း (2600)

ဖုန်း - 09-5178979, 09-451146685, 09-251790828, 09-401535959, 09-263699715, 09-43292929, 09-5006199

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်း၊ ရပ်ကွက်အမှတ် ၆ ဒီ (၁၄၊ ၁၅၊ ၁၆) မြေကွက်အမှတ် (၃၄)၏ မြောက်ဘက်အမှတ် (၃၄၉)၊ ၂-လမ်း၊ (တောင်)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် မြေရေိယာ (၁၇ပေx၇၀ပေ)ခန့် အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံစီမံခန့်ခွဲမှုဌာနတွင်မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ညွှန့်ထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ပြန်လည်ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံပြောဆိုလာသူ ဒေါ်မြမြခိုင်(ဘ)ဦးစံရင် (၁၂/အစန(နိုင်)၁၀၅၈၈၇)၊ ဒေါ်ခင်မျိုးကျော် (ဘ) ဦးကျော်စန်း (၁၂/အစန(နိုင်)၁၅၀၄၅၃) အမှတ် (၃၃၃)၊ ၁-လမ်းတောင်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူတို့ထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)
တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆
ဖုန်း-၀၉-၅၁၇၁၄၃၃

ဒေါ်ခင်မြတ်သူ (H.GP,LL.B,D.M.L)
တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅
ဖုန်း ၀၉-၂၅၄၄၈၈၃၃၀

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅ )

ပြင်ဦးလွင်မြို့နယ်တရားရုံးတော်

